# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ရက်၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ် ၉ရက်၊ တနင်္လာနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၀၈)


## နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စင်ကာပူနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၉

၂၀၁၀ခုနှစ် ဩဂုတ် ၉ရက်တွင် ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၄၅)နှစ်မြောက် နှစ်ပတ်လည် အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ စင်ကာပူသမ္မတနိုင်ငံ သမ္မတ မစ္စတာ အက်စ်အာ နာသန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန် စင်ကာပူနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၉

၂၀၁၀ခုနှစ် ဩဂုတ် ၉ရက်တွင် ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၄၅)နှစ်မြောက် နှစ်ပတ်လည် အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာအုပ်စု တောင်လေးလုံး ရွာမကွင်း၌ ကျင်းပသည့် မိုးစပါးစုပေါင်းကောက်စိုက်သရုပ်ပြပွဲသို့ တက်ရောက်လာကြသည့် ဒေသခံတောင်သူလယ်သမားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)



# အထွက်ကောင်းမျိုးစပါးများ စိုက်ပျိုးရာတွင် နည်းစနစ်မှန်ကန်စွာစိုက်ပျိုး ဒေသနှင့်ကိုက်ညီသည့် သီးနှံမျိုးကောင်းမျိုးသန့်များ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြု မိမိတို့ရှာဖွေရရှိသည့် ငွေကိုစုဆောင်း၍ အဆင့်အတန်းမြင့်မြင့် နေနိုင်အောင်ကြိုးစား

နေပြည်တော် ဩဂုတ် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဩဂုတ် ၇ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်ဖြင့် ထွက်ခွာလာရာ တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာအုပ်စု တောင်လေးလုံးရွာမကွင်း ကွင်းအမှတ်(၇၈) တောင်သူဦးဝင်းရွှေ၏ လယ်မြေ၌ကျင်းပသည့် အထွက်ကောင်းမျိုးသုံးစွဲ၍ စိုက်နည်းစနစ်မှန်ကန်စွာဖြင့် မိုးစပါးစုပေါင်းကောက်စိုက် သရုပ်ပြပွဲသို့ ရောက်ရှိသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍





နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကလောမြို့နယ် အောင်ပန်းစိုက်ပျိုးရေး သုတေသနခြံအတွင်း မျိုးစပ်၍ စမ်းသပ်စိုက်ပျိုးထားသော စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဩဂုတ် ၉ ရက်)

# သစ်ပင်ကို တိုးချဲ့စိုက်ပျိုး သစ်တောကို ထိန်းသိမ်းကာကွယ်

သစ်တောသစ်ပင်သည် သဘာဝရာသီဥတုမျှတရန်ပြုလုပ်ပေးရာ၌ အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။ သစ်တောသစ်ပင်ပြုန်းတီးလျှင် သဘာဝရာသီဥတုများလွန်ကဲပြီး အပူလွန်ကဲခြင်း၊ အအေးလွန်ကဲခြင်းများ ဖြစ်ပေါ်တတ်သည်။

ရာသီဥတုလွန်ကဲမှုကြောင့် စိုက်ပျိုးရေးအတွက် အခက်အခဲကြုံတွေ့နိုင်ပြီး စားနပ်ရိက္ခာရှားပါးမှု ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် သစ်တောသစ်ပင်များကို ထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်သည်။

သစ်တောများသည် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရန်အတွက် မရှိမဖြစ်လိုအပ်ပေသည်။ မြန်မာနိုင်ငံ၌ ရေမြေ၊ တောတောင်ဂေဟစနစ်များသည် သဘာဝပတ်ဝန်းကျင်နှင့် သက်ရှိသတ္တဝါအားလုံးကို အကျိုးပြုလျက်ရှိသည်။

ယခုအခါ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကြောင့် ကမ္ဘာ့အိုဇုန်းလွှာများပျက်စီးခြင်း၊ သစ်တော ပြုန်းတီးမှုကြောင့် ရာသီဥတုဖောက်ပြန်ကာ သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်နေသော ဂေဟစနစ်များ ပျက်ယွင်းခြင်းတို့ ဖြစ်ပေါ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ပြည်နယ်နှင့် တိုင်းအသီးသီး၌ အမျိုးသားသဘာဝနယ်မြေများ သတ်မှတ်ထူထောင်ခြင်း၊ ကြိုးဝိုင်း၊ ကြိုးပြင်သစ်တောများ တိုးချဲ့ဖွဲ့စည်းသတ်မှတ်ခြင်း၊ သစ်တောစိုက်ခင်းထူထောင်ခြင်း၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပခြင်း၊ ရေဝေရေလဲဒေသထိန်းသိမ်းခြင်း၊ ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေးစီမံချက်ရေးဆွဲခြင်း စသည်ဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်လျက်ရှိသည်။

သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းများ တိုးချဲ့ခြင်းတို့သည် လူ့အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း၊ သီးနှံစားသုံးရခြင်း၊ အရိပ်အာဝါသရရှိခြင်း၊ သဘာဝပတ်ဝန်းကျင်ကို သာယာလှပစေခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိခံစားရပေသည်။

သို့ဖြစ်ရာ "သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး" ဆောင်ပုဒ်နှင့်အညီ ဒေသခံပြည်သူတို့ သစ်ပင်များကို တိုးချဲ့စိုက်ပျိုးပြီး ဖြစ်ထွန်းလာသည့် သစ်တောသစ်ပင်များ ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)

၁၀-၈-၂၀၁၀

| | |
|---|---|
| ၇း၀၀ | အဖွင့်တီးလုံး+နှုတ်ခွန်းဆက် |
| ၇း၀၅ | နိုင်ငံတော်သီချင်း+ကြေညာချက် တရားတော် (အင်္ဂုလိမာလသုတ်+ဇောဗျူဂ်သုတ်) ဥပုသ်နေ့နှိုးဆော်ချက် |
| ၇း၃၀ | ဓမ္မပူဇာတေး (၃၈)ဖြာမင်္ဂလာ |
| ၈း၀၀ | နံနက်ခင်းတေးပဒေသာ စံတော်ချိန် + သတင်း |
| ၈း၁၀ | နံနက်ခင်းတေးပဒေသာ |
| ၈း၃၀ | ပြောပါရစေရှင် (အကျင့်ကောင်း) |
| ၈း၄၀ | တေးပဒေသာ |
| ၉း၅၀ | နဝင်္ဂတရား(ဘဒ္ဒန္တဇောတိပါလ) |
| ၁၀း၀၀ | မွေးနေ့လက်ဆောင် |
| ၁၀း၃၀ | သတင်းစာအာဘော် |
| ၁၀း၃၅ | တေးပဒေသာ |
| ၁၀း၄၅ | ခံတွင်းမြိန်စရာသူ့လက်ရာ (ငါးပိကောင်ကင်- ငှက်ပျောဖူးဆီပြန် ပိန်းရိုးဟင်းခါး) တေးသီချင်း |
| ၁၁း၀၀ | နေ့လယ်ခင်းသတင်း |
| ၁၁း၁၀ | နေ့လယ်ခင်းတေးပဒေသာ |
| ၁၁း၂၅ | Talk on Line(ရေဗက္ကာဝင်း) |
| ၁၁း၅၀ | တေးပဒေသာ |
| ၁၂း၀၀ | စံတော်ချိန် Current Song |
| ၁၂း၄၀ | တေးပဒေသာ ပြုံးပဒေသာ |
| ၁၃း၀၀ | မွန်းလွဲပိုင်းသတင်း |
| ၁၃း၁၀ | ပညာရေးအစီအစဉ် (ပဥ္စမတန်း-သမိုင်း) တေးပဒေသာ |
| ၁၃း၃၀ | အစီအစဉ်ပြီး၏။ |
| ၁၆း၀၀ | အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ |
| ၁၆း၃၀ | သောတရှင်လိုရာတေး |
| ၁၇း၀၀ | မေတို့တွက်တာ အလှကမ္ဘာ (လက်မှာရှိတဲ့ အရေးအကြောင်းများ) |
| ၁၇း၁၀ | တေးပဒေသာ |
| ၁၇း၂၅ | သတင်းစာဆောင်းပါး |
| ၁၇း၃၀ | ညနေခင်းတေးပဒေသာ |
| ၁၇း၄၅ | ထူးဆန်းထွေလာ ဤမြေကမ္ဘာ အမှတ်စဉ်(၅၂) |
| ၁၈း၀၀ | ညနေခင်းသတင်း |
| ၁၈း၁၀ | ညနေခင်းတေးပဒေသာ |
| ၁၈း၃၀ | စာအုပ်စာပေ လူ့မိတ်ဆွေ (ဘဝအမောတွေထဲက အလှသဘောတွေကို ရှာဖွေခြင်း) |
| ၁၈း၄၅ | ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ |
| ၁၉း၀၀ | နိုင်ငံတကာသတင်း |
| ၁၉း၁၀ | ဇာတ်လမ်းပမာနားဆင်စရာ **ရှိခြင်း သိခြင်း အကြောင်းတရားများ** |
| ၁၉း၃၀ | တေးပဒေသာ နိုင်ငံရေးဦးတည်ချက် ညချမ်းချိန်ခါ တေးပဒေသာ |
| ၂၀း၀၀ | ပြည်တွင်းသတင်း |
| ၂၀း၂၀ | တေးစီးရီး (အယုံလွယ်သူ-ခင်ဘုဏ်း) စီးပွားရေးဦးတည်ချက် |
| ၂၁း၀၀ | ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါ တေးပဒေသာ |
| ၂၁း၅၀ | မင်းကွန်းဆရာတော်ကြီး၏ အရပ်(၁၀)မျက်နှာ မေတ္တာဘာဝနာ တရားတော် |
| ၂၂း၂၀ | အစီအစဉ်ပြီး၏။ |



## ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်

နေပြည်တော် ဩဂုတ် ၈

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ဩဂုတ် ၅ရက် နံနက်ပိုင်းက နေပြည်တော်ပျဉ်းမနား ကန်တော်မင်္ဂလာခန်းမ၌ကျင်းပသော ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

### ဆုများချီးမြှင့်

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနေ့ အထိမ်းအမှတ်ပြိုင်ပွဲ၌ဆုရရှိကြသော အသင်းများအား ဆုများ ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား အာဟာရပစ္စည်းများ ပေးအပ်ကြပြီး ကလေးသူငယ်များအား ဗီတာမင်ဆေးများ တိုက်ကျွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**



**မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရန်ပယ်ဈေးအတွင်း ခြင်၊ ယင်နှင့် အနံ့ဆိုးများမရှိစေရန် ခြင်ဆေးဖျန်းဆောင်ရွက်နေမှုကို ဩဂုတ် ၂ ရက်က ဒုတိယဦးစီးမှူး(ဈေး) ဒေါ်နီနီချိုနှင့် ကျန်းမာရေးမှူး(၂) ဦးဘိုလင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## မိုးစပါးရေတော် မိုးတော် ထွန်တုံးပိတ်ပွဲ ဟသ္သာတခရိုင်၌ ကျင်းပ

ဟသ္သာတ ဩဂုတ် ၈

ဟသ္သာတခရိုင် မိုးရာသီရေတော်မိုးတော် မိုးစပါးထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ဟသ္သာတမြို့ မျိုးသန့်ခြံ၌ ဩဂုတ် ၃ရက် နံနက် ၈နာရီက ကျင်းပရာ အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလှဝေက အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်ဥက္ကဋ္ဌထံသို့ ဟသ္သာတ၊ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ လေးမျက်နှာ၊ ဇလွန်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ထွန်တုံးပိတ်ပွဲအစီရင်ခံစာများ ပေးအပ်သည်။

### ဆုချီးမြှင့်

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေက ဒုတိယဆုရရှိသည့် အင်္ဂပူမြို့နယ် ကောက်စိုက်လုံမေများအားလည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ဆွေက တတိယဆုရရှိသည့် ကြံခင်းမြို့နယ် ကောက်စိုက်လုံမေများအားလည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန တိုင်းညွှန်ကြားရေးမှူး ဦးဘကြူးက ပထမရရှိသည့် ဟသ္သာတမြို့နယ် ကောက်စိုက်လုံမေများအားလည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန ခရိုင်ညွှန်ကြားရေးမှူး ဦးကျော်ဇောက နှစ်သိမ့်ဆုရရှိသည့် လေးမျက်နှာမြို့နယ်ကောက်စိုက်လုံမေများနှင့် ပြိုင်ပွဲဝင်ဆုရရှိသည့် မြန်အောင်နှင့် ဇလွန်မြို့နယ်ကောက်စိုက်လုံမေများအား ဆုချီးမြှင့်ကြသည်။ **(အောက်ပုံ)**
**(ခရိုင် ပြန်/ဆက်)**



## ဝေါမြို့နယ်အသင်း ပညာရည်ချွန် ဆုချီးမြှင့်

*ရန်ကုန် ဩဂုတ် ၈*

*ဝေါမြို့နယ်အသင်း(ရန်ကုန်)၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇူလိုင် ၃၁ရက်က စမ်းချောင်းမြို့နယ် ရွှေတောင်တိုက်သစ်၌ ကျင်းပရာ အသင်းဥက္ကဋ္ဌဦးစံရင်က အဖွင့်အမှာစကား ပြောကြားသည်။*

*အခမ်းအနားတွင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးတင့်(ငြိမ်း)က အသင်းစည်းရုံးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဘဏ္ဍာရေးမှူး ဦးတင်ကြည်က ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြသည်။ ဆက်လက်၍ ၂၀၀၉-၂၀၁၀ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦးအပါအဝင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော အသင်းဝင်တို့၏ သားသမီး ၂၂ဦးတို့အား အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပညာရည်ချွန်ဆု ချီးမြှင့်ကြသည်။* **(မြန်မာ့အလင်း)**



**တွေ့ဆုံမှာကြား**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပင်းတယမြို့နယ်ဆေးရုံ၌ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)





○ ရှေ့ဖုံးမှ

## ကြည့်ရှုအားပေး

ရွေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်သည် တောင်သူဦးဝင်းရွှေ၏ လယ်မြေ(၂)ဧက၌ အထွက်ကောင်းမျိုး မော်ဘီကောက်ညှင်းမွှေးကို စိုက်နည်းစနစ်မှန်ကန်စွာ သရုပ်ပြစိုက်ပျိုးနေမှုနှင့် မြေသြဇာကြဲပက်နေမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဝန်ကြီးချုပ်သည် စုပေါင်းကောက်စိုက်သရုပ်ပြပွဲသို့ တက်ရောက်လာကြသည့် ဒေသခံတောင်သူလယ်သမားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံ၍ အထွက်ကောင်းမျိုးစပါးများ စိုက်ပျိုးရေး၊ နည်းစနစ်မှန်ကန်စွာစိုက်ပျိုးရေး၊ ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာကိုပါ ပေါင်းစပ်၍ အသုံးပြုရေး၊ စိုက်ပျိုးစရိတ်ကုန်ကျမှု၊ တစ်ဧကစပါးအထွက်နှုန်းနှင့် ရရှိသည့်ဝင်ငွေတို့ကို မေးမြန်းဆွေးနွေးပြီး မိမိတို့ ရှာဖွေရရှိသည့်ငွေကို စုဆောင်းရန်၊ အဆင့်အတန်းမြင့်မြင့်နေနိုင်အောင်ကြိုးစားရန်နှင့် သားသမီးများအား အတန်းပညာပြီးဆုံးသည်အထိ ပညာသင်ကြားပေးရန် မှာကြားသည်။

## ဖြည့်ဆည်းမှာကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယာယီမဏ္ဍပ်၌ ခင်းကျင်းပြသထားသည့် တောင်သူမိတ်ဆွေပိုးများနှင့် စပါးဖျက်ပိုးနမူနာများ၊ စပါးရောဂါ နမူနာများ၊ ဒေသမှထွက်ရှိသည့် ရွှေရင်အေး၊ ရေဆင်းလုံးသွယ်၊ ခေါက်နန်းခမ်း၊ ကုန်းမြင့် (၂)စသည့် စပါးမျိုးများနှင့် မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံများကိုလည်းကောင်း၊ တီကျစ်စာမွေးမြူထုတ်လုပ်ခြင်း၊ တီကျစ်စာမြေဆွေးနှင့် တီစွန့်ပစ်မြေသြဇာအရည်စသည့် သဘာဝမြေသြဇာထုတ်လုပ်မှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ကလေးမြို့နယ် အောင်ပန်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန စိုက်ပျိုးရေးသုတေသနခြံသို့ ရောက်ရှိကြသည်။

## ရှင်းလင်းပြသ

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား စိုက်ပျိုးရေးသုတေသနခြံတာဝန်ခံ ဒေါ်ခိုင်ခိုင်ဦးက အောင်ပန်းစိုက်ပျိုးရေးသုတေသနခြံမှ သုတေသနပြု စိုက်ပျိုးသည့် အဓိကသီးနှံများနှင့်စပ်လျဉ်း၍ သီးနှံတစ်မျိုးစီအလိုက် ထွက်ရှိသောသုတေသန ရလဒ်များကို ရှင်းလင်းပြသသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား သုတေသနခြံခန်းမ၌ ခြံတာဝန်ခံ ဒေါ်ခိုင်ခိုင်ဦးက အောင်ပန်းသုတေသနခြံမှ အစေ့ထုတ်ပြောင်း ၊ ယာစပါး ၊ ပဲပုပ်၊ ပဲစင်းငုံ၊ မြေထောက်ပဲနှင့် ဆီထွက်သီးနှံ(နေကြာ) စသည်တို့ကို သုတေသနလုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုစစ်ဆေး**

**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကလေးမြို့နယ် အောင်ပန်းစိုက်ပျိုးရေး သုတေသနခြံ၌ ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



## ဖြည့်စွက်တင်ပြ

ထို့နောက် ဝန်ကြီးဦးဌေးဦးနှင့် ဝန်ကြီးဦးတင်နိုင်သိန်းတို့က ဒေသနှင့်ကိုက်ညီ၍ အထွက်ကောင်းသော အစေ့ထုတ်ပြောင်း ၊ ယာစပါး၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံသီးနှံမျိုးကောင်းမျိုးသန့်များနှင့် စိုက်နည်းစနစ်တို့ကို တောင်သူများထံသို့ ဖြန့်ဖြူးမှုအခြေအနေ၊ ပြည်တွင်း ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ ဒေသခံတောင်သူများ သီးနှံအထွက်တိုး၍ ဝင်ငွေပိုမိုမြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်ပေးနေမှုများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

## ညှိနှိုင်းပေါင်းစပ်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသနှင့်ကိုက်ညီသည့် သီးနှံမျိုးကောင်း မျိုးသန့်များကို တောင်သူများက ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ လုံလောက်စွာဖြန့်ဖြူးနိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် သုတေသနလုပ်ငန်းများအား စနစ်တကျ ဆောင်ရွက်ကြရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို အသေးစိတ်ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အောင်ပန်းသုတေသနခြံအတွင်း မျိုးစပ်၍စမ်းသပ်စိုက်ပျိုးထားသော ပဲပုပ်စိုက်ခင်းများနှင့် ပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ပင်းတယမြို့နယ်ဆေးရုံသို့ ရောက်ရှိကြသည်။

## ပညာပေးဆွေးနွေး

ရွေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများအား တွေ့ဆုံ၍ ပင်းတယမြို့နယ်အတွင်း အဖြစ်များသည့် ရောဂါများအခြေအနေ၊ ဆေးရုံ၌ တက်ရောက်၍ ဆေးကုသခံယူမှုအခြေအနေနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်မှုအခြေအနေများကို မေးမြန်းဆွေးနွေးပြီး ပြည်သူများအား ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပညာပေးဆွေးနွေးရေး မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပင်းတယဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများအား လှည့်လည်ကြည့်ရှု၍အားပေးစကားပြောကြားကာ ဆေးရုံ၏ခွဲစိတ်ခန်း၊ ဆေးစတိုခန်းများအတွင်း ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာခဲ့ကြရာ ညနေပိုင်းတွင် ကလေးမြို့သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**

**မိုးစပါးစုပေါင်းကောက်စိုက်သရုပ်ပြ**

**တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာအုပ်စု တောင်လေးလုံးရွာမကွင်း ကွင်းအမှတ်(၇၈) တောင်သူဦးဝင်းရွှေ၏ လယ်မြေ၌ အထွက်ကောင်းမျိုးသုံးစွဲ၍ စိုက်နည်းစနစ်မှန်ကန်စွာဖြင့် မိုးစပါးစုပေါင်းကောက်စိုက်သရုပ်ပြပွဲ ကျင်းပစဉ်။** (သတင်းစဉ်)

## ပါကစ္စတန် ရေဘေးကယ်ဆယ်ရေး

### ကုလအတွင်းရေးမှူးချုပ် အထူးသံတမန်စေလွှတ်

ဂျီနီဗာ ဩဂုတ် ၈

ဆယ်စုနှစ်များစွာအတွင်း အဆိုးရွားဆုံးရေလွှမ်းမှုနှင့် ရင်ဆိုင်ရသည့် ပါကစ္စတန် ရေဘေးဒုက္ခကယ်ဆယ်ရေးတွင် အကူအညီပေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အထူးသံတမန်တစ်ဦးကို ပါကစ္စတန်နိုင်ငံသို့ စေလွှတ်လိုက်ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဩဂုတ် ၇ရက်တွင် ပြောကြားသည်။

**ဆောင်ရွက်**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးသံတမန်သည် ပါကစ္စတန်နိုင်ငံသို့ ဩဂုတ် ၈ရက်က ရောက်ရှိပြီး ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပေးလျက်ရှိသော ကုလသမဂ္ဂကယ်ဆယ်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**ပျက်စီး**

ပါကစ္စတန်နိုင်ငံ၌ ရေလွှမ်းမှုကြောင့် ပြည်သူ ၁၀၀၀ကျော် သေဆုံးပြီး အများအပြားမှာ ပိတ်မိနေခြင်း သို့မဟုတ် ပျောက်ဆုံးလျက်ရှိနေသည်။ အိုးအိမ် ၁၀၀၀၀၀ နီးပါး ပျက်စီးခဲ့သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



## ရုရှားရေငုပ်သင်္ဘောမှ ပဲ့ထိန်းဒုံးကျည်များ စမ်းသပ်ပစ်လွှတ်

*မော်စကို ဩဂုတ် ၈*

*ရုရှားနိုင်ငံက ရေတပ်စွမ်းအားတိုးတက်ထက်မြက်မှုကို ပြသသည့်အနေဖြင့် ရေငုပ်သင်္ဘောမှနေ၍ ပဲ့ထိန်းဒုံးကျည်နှစ်စင်းကို ဩဂုတ် ၇ရက်က ဝေဟင်သို့ အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း ရုရှားရေတပ်အရာရှိများက ပြောကြားသည်။*

*ပစ်လွှတ်*

*၎င်းပဲ့ထိန်းဒုံးကျည်နှစ်စင်းကို ဘာရင့်ပင်လယ်ရေအောက်ရှိ တူလာဟု အမည်ပေးထားသော နျူကလီးယားရေငုပ်သင်္ဘောမှနေ၍ ရုရှားနိုင်ငံအရှေ့ဖျားသို့ အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။ (ဓါတ်ပုံ)*

*သယ်ဆောင်*

*အဆိုပါ တူလာရေငုပ်သင်္ဘောသည် နျူကလီးယားထိပ်ဖူးတပ် ဒုံးကျည် ၁၀စင်းကို သယ်ဆောင်နိုင်စွမ်းရှိသည်။ ဆီနီဗာဟု အမည်ပေးထားသော ၎င်းပဲ့ထိန်းဒုံးကျည်များကို ရုရှားစစ်ဘက်မှ ၂၀၀၇ခုနှစ်၌ ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ဥရောပတောင်ပိုင်း၌ အမေရိကန်တို့က ဒုံးကျည်ကာကွယ်ရေးစနစ် ဖြန့်ချနိုင်ရေးအတွက် ပြင်ဆင်နေသကဲ့သို့ ရုရှားတို့က ဒုံးကျည်အသစ်များ စမ်းသပ်လျက်ရှိသည်။*

*(အင်တာနက်)*

## အစ္စရေးအတွက် သူလျှိုလုပ်ပေးသူ သုံးဦး လက်ဘနွန်လုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီး

ဘေရွတ် ဩဂုတ် ၈

အစ္စရေးအတွက် သူလျှိုလုပ်ငန်းလုပ်ကိုင်ပေးသူများဟု သံသယရှိသည့် လက်ဘနွန်နိုင်ငံသားသုံးဦးကို လက်ဘနွန်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဩဂုတ်၇ရက်၌ ဖမ်းဆီးလိုက်ကြောင်း လက်ဘနွန်အရာရှိများက ပြောကြားသည်။

အဆိုပါလက်ဘနွန်နိုင်ငံသားသုံးဦးသည် အစ္စရေးတို့အတွက် အရေးကြီးသည့် သတင်းအချက်အလက်များကို ပေးပို့နေသူများဖြစ်ကြောင်း စုံစမ်းသိရှိရသည့်အတွက် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

**စုံစမ်းစစ်ဆေး**

ယခုဖမ်းဆီးလိုက်သည့် လက်ဘနွန်နိုင်ငံသားသုံးဦးအနက် တစ်ဦးမှာ ၁၉၈၀ပြည့်နှစ်ကပင် အစ္စရေးတို့အတွက် သတင်းအချက်အလက်များပေးပို့ခဲ့သူဖြစ်ကြောင်း လက်ဘနွန်လုံခြုံရေးအရာရှိများက ပြောကြားသည်။ ၎င်းတို့သုံးဦးအား တရားဥပဒေအရ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်းလည်း လက်ဘနွန်အရာရှိများက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ဟန်ဂေရီနိုင်ငံ ကက် ကီ မက် မြို့ ဝေဟင်၌ (၁၁)ကြိမ်မြောက် နိုင်ငံတကာ စစ်ဘက် လေယာဉ် စွမ်းရည်ပြပွဲ၌ ပါဝင်ဆင်နွှဲ နေကြသည့် လေယာဉ် များကို ဩဂုတ် ၇ရက်က တွေ့ရစဉ်။

(အင်တာနက် ဓာတ်ပုံ)



## အာဖဂန်နစ္စတန်၌ နိုင်ငံခြားသားဆရာဝန်များ အသတ်ခံကြရ

*ကဘူးလ် ဩဂုတ် ၈*

*အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်းတွင် အမေရိကန်ဆရာဝန်နှစ်ဦးနှင့် ဂျာမနီဆရာဝန်ခြောက်ဦးတို့ အသတ်ခံရကြောင်း ရဲတပ်ဖွဲ့က ဩဂုတ် ၈ရက်၌ ကြေညာသည်။*

*နိုင်ငံခြားသားဆရာဝန်များ၏ အလောင်းများကို အာဖဂန်အမျိုးသားတစ်ဦး၏ အလောင်းနှင့်အတူ ဘာဒါကစ္စတန်ပြည်နယ်ရှိ တောထဲမှ ပြန်လည်တွေ့ရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးက ပြောကြားသည်။*

*ယင်းပြည်နယ်မှ တောအထူထပ်ဆုံးနေရာတွင် သေနတ်သမားများ၏တိုက်ခိုက်မှု ခံရပြီးနောက် သေဆုံးခဲ့ကြခြင်းဖြစ်သည်။*

***(အင်တာနက်)***

## ရဟတ်ယာဉ်များ အိန္ဒိယဝယ်ယူမည်

မွမ်ဘိုင်း ဩဂုတ် ၈

အိန္ဒိယရေတပ်အတွက် အမေရိကန်ဒေါ်လာ ၁ဒသမ ၅ဘီလီယံ တန်ဖိုးရှိသော ရဟတ်ယာဉ် ၅၆စင်းကို ဝယ်ယူဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း အိန္ဒိယစစ်ဘက်အရာရှိများက ဩဂုတ် ၈ရက်၌ ပြောကြားသည်။

**ရွေးချယ်**

အိန္ဒိယရေတပ်အနေဖြင့် ရုရှားနှင့် အမေရိကန်နိုင်ငံတို့အပြင် အခြားဥရောပနိုင်ငံများမှ ရဟတ်ယာဉ်အမျိုးအစားသစ်များကိုရွေးချယ်ကာ စွမ်းရည်မြင့်မားသည့် ရဟတ်ယာဉ်များကိုသာ ဝယ်ယူသွားမည်ဖြစ်သည်။

**အသုံးပြုနိုင်**

ရဟတ်ယာဉ်များကို ဝယ်ယူရာ၌ နေ့နှင့်ညပိုင်းများတွင် အသုံးပြုနိုင်သည့် ရဟတ်ယာဉ်အမျိုးအစားများနှင့် နှင်းများကျဆင်းချိန်၊ လေပြင်းတိုက်ခတ်ချိန်များတွင်လည်း အသုံးပြုနိုင်သည့် ကြံ့ခိုင်မှုနှင့် နည်းပညာသစ်များထည့်သွင်းထားသော ရဟတ်ယာဉ်များကို ဦးစားပေးဝယ်ယူ ဖြည့်ဆည်းသွားမည်ဖြစ်သည်။

အိန္ဒိယရေတပ်အနေဖြင့် ကမ်းခြေများလုံခြုံရေးအတွက် ဆောင်ရွက်ရာတွင် ရဟတ်ယာဉ်များကို ပူးတွဲအသုံးပြုသွားမည်ဖြစ်သည်။ **(အင်တာနက်)**



ဩစတြေးလျနိုင်ငံတောင်ပိုင်း၌ တောင်သူများ ပစ်ခတ်သတ်ဖြတ်ခဲ့သည့် မိကျောင်းတစ်ကောင်ကို ဩဂုတ် ၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

## ရုရှားတောမီး လောင်ကျွမ်းမှုကြောင့် သံရုံးနစ်ရုံးမှ ဝန်ထမ်းများပြောင်းရွှေ့

*မော်စကို ဩဂုတ် ၈*

***ရုရှားနိုင်ငံတွင် တောမီးများလောင်ကျွမ်းလျက်ရှိရာ သဘာဝဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်သည့်အနေဖြင့် ကနေဒါနှင့် ပိုလန်သံရုံးတို့ရှိ မိသားစုဝင်များ ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း မော်စကိုစီးပွားရေးမဂ္ဂဇင်း၌ ဩဂုတ် ၇ရက်က ဖော်ပြသည်။***

*ပြောင်းရွှေ့*

***အဆိုပါ သံရုံးများသည် ချာနိဘိုင်းနျူကလီးယားပေါက်ကွဲမှုဖြစ်ပွားရာ ဘရိုင်ယန်ဒေသ၌ တည်ရှိသည်။ ၎င်းဒေသတွင် တောမီးများလောင်ကျွမ်းလျက်ရှိသည်။ လေထုအတွင်း ရေဒီယိုသတ္တိကြွပစ္စည်းများ ပျံ့လွင့်လာနိုင်မှုအခြေအနေကြောင့် သံရုံးဝန်ထမ်းများ ပြောင်းရွှေ့ခဲ့ရသည်ဟု ဆိုသည်။***

*အမ်အင်န်အေ၊ဆင်ဟွာ*

## အာဖဂန် အရှေ့ပိုင်းရှိ လက်နက်ကိုင်များအား

### မြေပြင်နှင့် လေကြောင်းမှ ထိုးစစ်ဆင်တိုက်ခိုက်

ခို့စ် ဩဂုတ် ၈

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ပက်တီကာပြည်နယ်၌ ဩဂုတ် ၆ရက်က တာလီဘန်လက်နက်ကိုင်များအား အာဖဂန်တပ်ဖွဲ့နှင့် နေတိုးဦးဆောင်သော အဖွဲ့တို့ မြေပြင်နှင့်လေကြောင်းမှ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ တိုက်ပွဲအတွင်း လက်နက်ကိုင် ၂၁ဦးသေဆုံးကြောင်း ဩဂုတ် ၈ရက်၌ စစ်ဘက်ဆိုင်ရာက သတင်းထုတ်ပြန်သည်။ တာလီဘန် လက်နက်ကိုင်များက ခို့စ်မြို့ကို အကြမ်းဖက်တိုက်ခိုက်မှု ပြုလုပ်ရန် ပြင်ဆင်နေသည်ဟု စုံစမ်းသိရှိပြီးနောက် အာဖဂန်တပ်ဖွဲ့နှင့် နေတိုးဦးဆောင်သောအဖွဲ့တို့ ပူးပေါင်းထိုးစစ်ဆင်နွှဲခြင်းဖြစ်သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

**သိမ်းဆည်းရမိ**

နာရီအနည်းငယ်ကြာ အဆိုပါတိုက်ပွဲအတွင်း၌ လက်နက်ကိုင်များထံမှ လက်နက်နှင့် ခဲယမ်းမီးကျောက်များစွာကို သိမ်းဆည်းရမိခဲ့သည်ဟု ဆိုသည်။

**ဖော်ပြ**

အထူးသဖြင့် ပက်တီကာပြည်နယ်နှင့် ခို့စ်မြို့အနီးဝန်းကျင်ဒေသရှိ လုံခြုံရေးတပ်ဖွဲ့ကို ပစ်မှတ်ထားကာ တာလီဘန်လက်နက်ကိုင်များက မကြာခဏ တိုက်ခိုက်လျက်ရှိသည်ဟု သတင်း၌ဖော်ပြသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

### နိုင်ငံခြားသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် ဝင့်မာသွင်




အာတိတ်သမုဒ္ဒရာရှိ ရေခဲပြင်များကို သုတေသနပြုလေ့လာရန်အတွက် တရုတ်နိုင်ငံ ရှန်ဟိုင်းဆိပ်ကမ်းမှ ထွက်ခွာမည့် သင်္ဘောတစ်စင်းကို ဩဂုတ် ၈ ရက်က တွေ့ရစဉ်။

(အင်တာနက် ဓာတ်ပုံ)

## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် ➤ စုစည်းသည်

### ပါကစ္စတန်၌ ရထားတိုက်မှုဖြစ်ပွား

*ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်အနောက်ပိုင်း မိန်ဝါလီမြို့တွင် ဩဂုတ် ၈ရက် နံနက်က ရထားတစ်စင်းနှင့် သုံးဘီးယာဉ်တစ်စီးတို့တိုက်မှုဖြစ်ပွားရာ ခရီးသည် ကိုးဦး သေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။*

### အင်ဒိုနီးရှား၌ အကြမ်းဖက်သမားနှစ်ဦးဖမ်းမိ

*အင်ဒိုနီးရှားနိုင်ငံ ဆူကာဘူမီမြို့တွင် ဗုံးခွဲတိုက်ခိုက်ရန်ကြံစည်နေသူ အကြမ်းဖက်သမားနှစ်ဦးအား ရဲတပ်ဖွဲ့က ဩဂုတ် ၈ရက်၌ဖမ်းဆီးနိုင်ခဲ့ကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။*

### အမေရိကန်၌ လေယာဉ်ငယ်တစ်စင်းပျက်ကျ

*အမေရိကန်နိုင်ငံ ပစ္စဘတ်မြို့အရှေ့မြောက်ပိုင်းတွင် ဩဂုတ် ၈ရက်က လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်ပါရှိသူနှစ်ဦးသေဆုံးခဲ့ကြောင်း၊ လေယာဉ်မှာ မတော်တဆဖြစ်ရပ်ကြောင့် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။ (အောက်ပုံ)*



### ကင်ညာနှင့်တရုတ် တိုက်ရိုက်လေကြောင်းစတင်

*ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့မှ တရုတ်နိုင်ငံ ပေကျင်းမြို့သို့ တိုက်ရိုက်လေကြောင်း ခရီးစဉ်ကို ဩဂုတ် ၈ရက်တွင် စတင်ပျံသန်းနိုင်ပြီဖြစ်ကြောင်း၊ သီတင်းအပတ်စဉ် ပျံသန်းသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။*

### ချက်သမ္မတနိုင်ငံမြောက်ပိုင်း၌ ရေလွှမ်း

*ချက်သမ္မတနိုင်ငံမြောက်ပိုင်း လီဘာရက်နှင့် ဒီစင်မြို့များတွင် ဩဂုတ် ၈ရက် နံနက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုဖြစ်ပွားခဲ့ရာ ဒေသခံလေးဦး သေဆုံးပြီး ပြည်သူအများအပြား ရေဘေးဒုက္ခကြုံတွေ့နေရကြောင်း ကယ်ဆယ်ရေး အရာရှိများက သတင်းထုတ်ပြန်သည်။*

### တရုတ်လေတပ် စစ်ရေးလေ့ကျင့်မှုပြီးဆုံး

*တရုတ်လေတပ်၏ စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ငါးရက်ကြာပြုလုပ်ခဲ့ရာ ဩဂုတ် ၈ရက်တွင် အောင်မြင်စွာပြီးဆုံးခဲ့ကြောင်း၊ လေတပ်တပ်ဖွဲ့ဝင် ၁၂၀၀၀၊ မြေပြင်မှ ဝေဟင်ပစ် ဒုံးကျည်ပစ်လွှတ်မှုများ၊ စစ်လေယာဉ်အစင်း ၄၀၀ကျော်တို့ဖြင့် ပါဝင်ဆင်နွှဲခဲ့ကြောင်း တရုတ်စစ်ဘက်က ပြောကြားသည်။*

### နယူးယောက်မြို့၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား

*အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ဩဂုတ် ၈ရက်က သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် နှစ်ဦးသေဆုံးပြီး လူအချို့ဒဏ်ရာရရှိခဲ့ကြောင်း၊ သေနတ်သမားကို ဖမ်းဆီးရန် စုံစမ်းလျက်ရှိကြောင်း သတင်းထုတ်ပြန်သည်။*

### လက်ဘနွန်သမ္မတ တိုက်ခိုက်မှုဖြစ်သည့်နယ်စပ်စစ်ဆေး

*လက်ဘနွန်သမ္မတ မိုက်ကယ်ဆူလေမန်သည် အစ္စရေးနှင့် လက်ဘနွန်နယ်စပ်၌ နှစ်နိုင်ငံတပ်ဖွဲ့များတိုက်ခိုက်မှုဖြစ်ပွားသည့်နေရာကို ဩဂုတ် ၈ရက်က သွားရောက် စစ်ဆေးခဲ့ကြောင်း၊ လုံခြုံရေးတိုးမြှင့်မှုလည်း ပြုလုပ်လျက်ရှိကြောင်း လက်ဘနွန်အရာရှိများက ပြောကြားသည်။*

### ဂျပန်ကမ်းလွန်၌ ငလျင်လှုပ်

*ဂျပန်နိုင်ငံ တိုကျိုမြို့မြောက်ဘက် မိုင် ၂၀၀ခန့်အကွာ ကမ်းလွန်ပင်လယ်ပြင်ကို ဗဟိုပြု၍ ဩဂုတ် ၈ရက်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၃ရှိ အင်အားပြင်းငလျင် လှုပ်ခဲ့ကြောင်း၊ တိုကျိုမြို့၌ အဆောက်အအုံအချို့ ယိမ်းထိုးလှုပ်ခါခဲ့ကြောင်း၊ ပျက်စီး ထိခိုက်မှုမရှိကြောင်း သတင်းထုတ်ပြန်သည်။ ။ (အင်တာနက်)*

---

*✻ ကျောဖုံးမှ*

မြန်မာ့အလင်းသတင်းအဖွဲ့သည် မကြာမီက နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာအုပ်စုအနီးရှိ နွေစပါးစိုက်ခင်းများတွင် ခေတ်မီ လယ်ယာသုံးစက်ကိရိယာများအသုံးပြုပြီး ရိတ်သိမ်းခြွေလှေ့နေမှုများကို သွားရောက် လေ့လာခဲ့ကြသည်။

#### အမြဲမပြတ်စိမ်းလန်း

ဇေယျာသီရိမြို့နယ်သည် ရန်ကုန်-မန္တလေး မော်တော်ကားလမ်းမကြီး ဖြတ်သန်းသွားရာမြို့ဖြစ်ပြီး မိုးစပါး၊ နွေစပါး စိုက်ခင်းများနှင့် အမြဲမပြတ် စိမ်းလန်းသာယာနေသည်။ လယ်မြေများမှာ ရေဆင်းဆည်ရေသောက်များ ဖြစ်၍ အမြဲမပြတ် စိမ်းလန်းနေသည်။

နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ်အတွင်း စိုက်ပျိုးရေးအောင်မြင်ဖြစ်ထွန်းနေမှုများနှင့် စပ်လျဉ်း၍ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးမှတ်ကြီးက မြန်မာ့အလင်းသို့ ဤသို့ ရှင်းပြသည်။

"ကျွန်တော်တို့ ဒီဒေသဟာ ရေဆင်းဆည်မှ စိုက်ပျိုးရေရရှိနေတာကြောင့် နွေ၊ မိုး၊ ဆောင်း စိုက်ပျိုးရေးအောင်မြင်တဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ နွေအခါမှာ နွေစပါးကို အဓိက အားထားစိုက်ကြပါတယ်။ နွေစပါးအပြီးမှာတော့ မတ်ပဲနဲ့ ပဲတီစိမ်းတို့ကို စိုက်ကြပါတယ်။ ဒီနောက်မှာတော့ မိုးစပါးစိုက်ကြပါတယ်။

ဒါကြောင့် ဒီဒေသဟာ သုံးသီးစား စိုက်ပျိုးမှု အထူးအောင်မြင်လျက်ရှိပါတယ်။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အနေနဲ့ မျိုးကောင်းမျိုးသန့်ရရှိရေးနဲ့ စိုက်စနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်ရေး အတွက် နည်းပညာတွေကို ဖြည့်ဆည်းပေးနိုင်တာကြောင့် အကျိုးအမြတ်များ ပိုမိုရရှိနေတာ ဖြစ်ပါတယ်" ဟု ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးမှတ်ကြီးက ရှင်းပြပေးသည်။

#### ခြွေလှေ့

အဆိုပါ သစ်တပ်ကျေးရွာအုပ်စု စိုက်ခင်းများတွင် နွေစပါးများကို ခေတ်မီ ရိတ်သိမ်းခြွေလှေ့စက်ကြီးများ အသုံးပြု၍ ရိတ်သိမ်းနေသည်ကိုတွေ့ရသည်။ တစ်ချိန်က စပါးခြွေလှေ့ရာတွင် နွားဖြင့် တလင်းတွင်ချ၍ နယ်ကြရသည်။ လူအားဖြင့်လည်း စပါးရိုက်ခြွေသည်ကို တွေ့ခဲ့ဖူးသည်။

ယခုအခါ တောင်သူတို့အနေဖြင့် စပါးရိတ်သိမ်းခြွေလှေ့စက်များ အသုံးပြုလာနိုင်ကြပြီဖြစ်သည်။ ရိတ်သိမ်းခြွေလှေ့စက်များကို အသုံးပြုခြင်းဖြင့် စပါးအလေအလွင့်နည်းပါးစေခြင်း၊ အချိန်တိုတိုဖြင့် ကုန်ကျစရိတ်နည်းပါးစွာ ဆောင်ရွက်နိုင်ခြင်း၊ တလင်းပျောက်စနစ်ကို ဖော်ဆောင်နိုင်ခြင်းစသည့် အကျိုးကျေးဇူးကို ရရှိစေနိုင်ကြောင်း သိရသည်။



"လယ်ယာလုပ်ငန်းခွင်မှာ စက်ကိရိယာများ တိုးချဲ့သုံးစွဲနိုင်ဖို့ စက်မှုလယ်ယာဦးစီးဌာနက တွန်းအားပေး ဆောင်ရွက်နေပါတယ်။"
ဦးမင်းဝေ
ခရိုင်ဦးစီးမှူး။

သို့ပါ၍ တိုးတက်ပြောင်းလဲလာသော လယ်ယာစက်ကိရိယာများ အသုံးပြုနိုင်မှုနှင့် စပ်လျဉ်းပြီး နေပြည်တော်ခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမင်းဝေနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

"ကျွန်တော်တို့ အခုဆိုရင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ လယ်ယာသုံး စက်ကိရိယာထုတ်လုပ်ရေးစက်ရုံနဲ့ ပုဂ္ဂလိကစက်မှုလုပ်ငန်းများမှ လယ်ယာသုံးပစ္စည်းများကို နှစ်စဉ် ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ အဓိကအားဖြင့် လက်တွန်းထွန်စက်များ၊ စပါးခြွေလှေ့စက်များ၊ စပါးအခြောက်ခံကိရိယာများ၊ ကြားပေါင်းလိုက်ကိရိယာများ၊ မျိုးစေ့ချကိရိယာများနဲ့ စပါးရိတ်စက်များ ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ယခုလို စက်စွမ်းအားတိုးမြှင့် အသုံးပြုလာနိုင်တာနဲ့အမျှ အချိန်ကုန်သက်သာခြင်း၊ ငွေကုန်သက်သာခြင်း၊ လုပ်ပန်းမှုသက်သာခြင်းနဲ့ သီးထပ်စွမ်းအားမြင့်မားလာခြင်း စတဲ့ အကျိုးကျေးဇူးတွေ ရရှိလာပါတယ်" ဟု ဦးမင်းဝေက မြန်မာ့အလင်းသို့ ရှင်းပြသည်။



"လယ်ယာလုပ်ငန်းခွင်မှာ စက်စွမ်းအားတိုးချဲ့ သုံးစွဲနိုင်ရေး ကြိုးစား ဆောင်ရွက်နေပါတယ်။"
ဦးရွှေ(တောင်သူ)
သစ်တပ်ကျေးရွာ။



"မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက တောင်သူတွေကို ခေတ်မီစိုက်စနစ် နည်းပညာများ ဖြည့်ဆည်းပေးနေပါတယ်။" ဦးမှတ်ကြီး
ခရိုင်စိုက်ပျိုးရေးမန်နေဂျာ။

တစ်ဖန် သစ်တပ်ကျေးရွာမှ တောင်သူဦးရွှေကလည်း "ကျွန်တော့်အနေနဲ့ စိုက်ပျိုးချိန်မှာ လက်တွန်းထွန်စက်များ အသုံးပြုစိုက်ပျိုးပြီး ရိတ်သိမ်းရာမှာ စပါးခြွေလှေ့စက်များ အသုံးပြုပါတယ်။ စက်ကိရိယာတွေ အသုံးပြုစိုက်ပျိုးခြင်းကြောင့် မိုးစပါး၊ ပဲတီစိမ်း၊ နွေစပါးဆိုပြီး သုံးသီးစား သီးထပ်စိုက်ပျိုးမှုကို အချိန်မီ ဆောင်ရွက်နိုင်တာကြောင့် အကျိုးအမြတ် ပိုပြီးရရှိစေပါတယ်" ဟု ရှင်းပြသည်။

မြန်မာ့လယ်ယာကဏ္ဍ စက်စွမ်းအားအသုံးပြုနိုင်မှုကို လေ့လာကြည့်လျှင် ၂၀၀၉-၂၀၁၀ ခုနှစ်အတွင်း ထွန်စက်ကြီး ၁၁၇၈၄ စီး၊ လက်တွန်းထွန်စက် ၁၄၅၅၄၈ စီး၊ စပါးခြွေလှေ့စက် ၂၃၃၄၉ ခု၊ စပါးခြွေ ကိရိယာ ၇၉၂၇ ခု၊ စပါးအခြောက်ခံ ကိရိယာ ၅၄၉ ခု၊ ကြားပေါင်းလိုက် ကိရိယာ ၂၂၆၁၁၆ ခု၊ မျိုးစေ့ချ ကိရိယာ ၄၆၃၅၄ ခု၊ စပါးရိတ်စက် ၃၂၂၀၊ ရေစုပ်စက် ၁၇၃၂၄၄ လုံး အသုံးပြုလျက်ရှိသည်ကို တွေ့ရသည်။

#### တစ်ခေတ်ဆန်းသစ်

သို့ပါ၍ တောင်သူများအနေဖြင့် စက်ကိရိယာများ အစားထိုးအသုံးပြုမှု တိုးပွားလာသည်နှင့်အမျှ သီးထပ်စိုက်စွမ်းအားလည်း တိုးမြင့်လာကာ မြန်မာ့လယ်ယာကဏ္ဍမှာ စက်မှုလယ်ယာစနစ်၏ ကျေးဇူးကြောင့် တစ်ခေတ် ဆန်းသစ် တိုးတက်လာပြီဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**



**နေပြည်တော် ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာအနီးရှိ တောင်သူ ဦးရွှေ ပိုင်ဆိုင်သည့် လယ်မြေတွင် စက်မှုလယ်ယာဦးစီးဌာနက KUBOTA, PRO 481 အမျိုးအစား စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် နွေစပါးများ ရိတ်သိမ်းခြွေလှေ့နေမှုကို ဤသို့ တွေ့ရသည်။**



နေပြည်တော် ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာအနီး၌ စပါးခြွေလှေ့စက်ဖြင့် ခြွေလှေ့နေသည်ကို ဤသို့ တွေ့ရသည်။

**မြန်မာ့လယ်ယာကဏ္ဍ စက်စွမ်းအား အသုံးပြုနိုင်မှုကို လေ့လာကြည့်လျှင် ၂၀၀၉-၂၀၁၀ ခုနှစ်အတွင်း ထွန်စက်ကြီး ၁၁၇၈၄ စီး၊ လက်တွန်းထွန်စက် ၁၄၅၅၄၈ စီး၊ စပါးခြွေလှေ့စက် ၂၃၃၄၉ ခု၊ စပါးခြွေကိရိယာ ၇၉၂၇ ခု၊ စပါးအခြောက်ခံကိရိယာ ၅၄၉ ခု၊ ကြား ပေါင်းလိုက် ကိရိယာ ၂၂၆၁၁၆ ခု၊ မျိုးစေ့ချကိရိယာ ၄၆၃၅၄ ခု၊ စပါးရိတ်စက် ၃၂၂၀၊ ရေစုပ်စက် ၁၇၃၂၄၄ လုံး အသုံးပြုလျက်ရှိသည်ကို တွေ့ရ။**

# စစ်တွေမြို့အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၈

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဇူလိုင်၂၉ရက်က စစ်တွေမြို့ မင်းဂံဆိပ်ကမ်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှု၊ ဆိပ်ခံတံတားကြံ့ခိုင်မှု၊ ရေယာဉ်၊သင်္ဘောများ ဆိုက်ကပ်နိုင်မှုနှင့် ဆိပ်ကမ်းမှူးရုံး၌ နယ်စပ်ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

## ဖြည့်ဆည်းမှာကြား

ထိုမှတစ်ဆင့် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက် ကမ်းပိုင်ချောင်းပိတ်ရေချိုကန် တာတမံ တာပေါင်မြေဖို့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)









# ဘဏ္ဍာ/အခွန်လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ဝန်ကြီး ဦးလှထွန်းတက်ရောက်

နေပြည်တော် ဩဂုတ် ၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ္ဍာနှစ်အတွင်း ရည်မှန်းချက်များ အောင်မြင်စေရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၆ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

## ပြောကြား

အခမ်းအနားတွင် ဝန်ကြီး**(အပေါ်ပုံ)**က အမှာစကားပြောကြားရာ၌ ဦးစီးဌာန၊ လုပ်ငန်းများသည် နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အဓိကအရေးပါသည့် ဌာနများဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် ဥပဒေစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ မှန်မှန်ကန်ကန် ဖြစ်ကြရန်၊ ငွေရေးကြေးရေး၊ ဘဏ္ဍာရေးနှင့် အခွန်စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရာတွင်လည်း ရိုးဖြောင့်မှန်ကန်စွာ တာဝန်သိသိ သစ္စာရှိရှိ ဆောင်ရွက်ကြရန်၊ လုပ်ငန်းအောင်မြင်မှုများ ပြည့်ဝမှန်ကန်စွာရရှိစေရေး အလေးထား ဆောင်ရွက်ကြရန် အထူးမှာကြားလိုကြောင်း အကျယ်တဝင့် ပြောကြားသည်။

## ဆွေးနွေးတင်ပြ

ဆက်လက်၍ ဌာနဆိုင်ရာအကြီးအကဲများက လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်း ဆွေးနွေးတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာ တောင်ကြီးမြို့၌ အသိပညာပေးဟောပြော

တောင်ကြီး ဩဂုတ် ၈

**ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၉ရက် နံနက်က တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းကျောင်းဆောင်သစ်၌ ကျင်းပရာ ရှေးဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြခက်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူး တင့်စိုးရှိန်** (အပေါ်ပုံ)**နှင့် ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ယာဉ်မောင်းစစ်ဆေးရေးမှူး ဦးဇော်ကိုကိုဖေတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန် အသိပညာပေး ဟောပြောကြသည်။**

ထို့နောက် ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်မောင်းစစ်ဆေးရေးမှူး ဦးဇော်ကိုကိုဖေက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းစာကြည့်တိုက်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး စာအုပ်များ လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြခက်က လက်ခံယူသည်။

(၁၈၉)

**ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကြိုတင် ကာကွယ်ရေးအတွက် မီးသတ်ပစ္စည်း ကိရိယာများထားရှိမှု၊ လျှပ်စစ်ဝိုင်ယာကြိုးများ သွယ်တန်းထားရှိမှုကို ဩဂုတ် ၂ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်လွင် ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



# Toshiba 25th Anniversary Celebrations and Product Launch ရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၈

Toshiba Singapore Pte., Ltd. နှင့် Lucky Bird Trading Co.,Ltd. တို့က ကြီးမှူးကျင်းပသော Toshiba Notebook PC ထုတ်လုပ်မှု (၂၅)နှစ်ပြည့် ဧည့်ခံပွဲနှင့် နည်းပညာသစ်များ ပေါင်းစပ်ထုတ်လုပ်ထားသော Notebook အမျိုးအစားသစ်များ မိတ်ဆက်ခြင်း ရှင်းလင်းပွဲကို ဩဂုတ် ၇ရက် ညနေပိုင်းက ရန်ကုန်မြို့ Park Royal Hotel ၌ကျင်းပရာ ရှေးဦးစွာ Lucky Bird Trading Co.,Ltd. မှ ဒါရိုက်တာ ဒေါ်မေဖြူသွယ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် Toshiba Singapore Ptd., Ltd. Computer System Division မှ Distributor Business Specialist Ms. Lin Yasi က Libretto W 100 ၊ Portege R700 Notebook နှင့် Portege T200 Notebook အကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

## ထပ်မံထုတ်လုပ်

Toshiba ၏ တစ်မူထူးခြားသည့် ဒီဇိုင်းအတွေးအမြင်၊ နည်းပညာများရွေးချယ်ပေါင်းစပ်ပေးနိုင်မှု၊ ခိုင်ခံ့သေသပ်မှုများကို မှန်ကန်စွာ ပေါင်းစပ်မှု၊ အရည်အသွေးစစ်ဆေးမှုများပြုလုပ်ပြီးမှ ထုတ်လုပ်မှု (High Quality) နှင့် ဒီဇိုင်းဖန်တီးမှုဖြင့် Notebook အမျိုးအစားသစ် သုံးမျိုးကို ၂၀၁၀ခုနှစ်အတွင်းတွင် ထပ်မံထုတ်လုပ်လိုက်သည်။

Toshiba Notebook သက်တမ်း (၂၅)နှစ်ပြည့် တီထွင်ဆန်းသစ်မှုအမွေအနှစ်အဖြစ် ထုတ်လုပ်လိုက်သော Mini-notebook PC "Libretto W100" သည် ကမ္ဘာ့ပထမဆုံး အာရုံခံ မှန်မျက်နှာပြင်နှစ်ဖက် (dual-touch-screen) ပါရှိသော Windows စနစ်သုံး အဆင့်မြင့် တစ်ကိုယ်ရေသုံး Notebook PC ဖြစ်သည်။

Portege R700 Notebook သည် အပြည့်ဝဆုံးစွမ်းဆောင်ရည်နှင့် အလွန်တရာ သယ်ယူရန် လွယ်ကူသော အပါးဆုံးနှင့် အပေါ့ဆုံး Notebook အဖြစ် ဈေးကွက်သို့ ရောက်ရှိလာပြီဖြစ်သည်။ ထို့အတူ ထပ်မံထုတ်လုပ်လိုက်သော Portege T200 Notebook သည်လည်း ပါးလွှာပြီး စတိုင်ကျသောကိုယ်ထည်ဖြင့် သယ်ယူရ အလွန်ပေါ့ပါးသည့် Notebook တစ်ခုဖြစ်သည်။

## ဝယ်ယူနိုင်

Toshiba Satellite L640၊ Toshiba Satellite L655 နှင့် Toshiba Satellite L645 အမျိုးအစား Notebook များကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များရှိ Lucky Bird Showroom များ၌ လည်းကောင်း၊ မြန်မာနိုင်ငံတစ်ဝန်းရှိ Toshiba i-Shop များတွင်လည်းကောင်း အာမခံချက်အပြည့်နှင့် ဝယ်ယူနိုင်ပြီဖြစ်သည်။

အသေးစိတ်အချက်အလက်များနှင့် လေ့လာဝယ်ယူလိုပါက LUCKY BIRD အရောင်းပြခန်း အမှတ် ၃၅၅ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၈၁၆၇၊ ၃၇၉၈၇၅ နှင့် ၃၉၉၀၁၁၊ အမှတ် ၅ ၂၆လမ်း ၇၈လမ်းနှင့် ၇၉လမ်းကြား မန္တလေးမြို့ ဖုန်း-၀၂-၂၁၅၂၇၊ အနောက်မြောက်ထောင့် သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၁၁၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**



# ငါးသယံဇာတ ထိန်းသိမ်းရေး ဒိုက်ဦးမြို့နယ်၌ ဆွေးနွေးဟောပြော

ဒိုက်ဦး ဩဂုတ် ၈

ပဲခူးတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး၏ ဦးဆောင်မှုဖြင့် ဒိုက်ဦးမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးကျော်စိုးနှင့် ဝန်ထမ်းများသည် ဇူလိုင် ၁၃ရက် မွန်းတည့် ၁၂နာရီက မင်္ဂလွန်းကျေးရွာ၌ အင်းလုပ်ငန်းရှင်များ၊ ရေလုပ်သားများနှင့်တွေ့ဆုံ၍ ငါးသယံဇာတ ထိန်းသိမ်းရေးပညာပေးဟောပြောပွဲ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ရေချိုလုပ်ငန်းဥပဒေများ၊ ငါးသယံဇာတ တိုးပွားရေးအတွက် ငါးရစ်ငါးသန်ကာလအတွင်း ငါးမဖမ်းဆီးရေး၊ ငါးမျိုးသုဉ်းစေမည့် ဘက်ထရီ(ကျင်စက်) ရှော့တိုက် ငါးဖမ်းခြင်း၊ အဆိပ်အတောက်ဖြစ်စေသော ဓာတုဗေဒဆေးဝါးများ အသုံးပြု၍ ငါးဖမ်းခြင်းများ မပြုလုပ်ရေးတို့ကို ဟောပြောရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရေလုပ်သားများနှင့် အင်းသားကြီးများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)



**ငါးရစ် ငါးသန် ဘေးမဲ့ချန်**

**ပုံမှန်စားသုံး မျိုးမသုဉ်း**

# ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊အမှတ်(၃၀)ထွက်ရှိ

ရန်ကုန် ဩဂုတ် ၈

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၃၀)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ တပ်ချ်မဟာက ပြောပြနေသော ဘဝဇာတ်ခုံအလွမ်းပုံပြင်(၂) ခရီးသွားဆောင်းပါးနှင့်အတူ မြန်မာနိုင်ငံမြောက်ပိုင်း ဟူးကောင်းချိုင့်ဝှမ်းဒေသ ကမ္ဘာ့အကြီးဆုံး ကျားထိန်းသိမ်းစောင့်ရှောက်ရေးဒေသအဖြစ် တရားဝင်အသိအမှတ်ပြုကြေညာခြင်းခံရ၊ မြန်မာတောင်သူများ၏ လယ်ယာသန်းခေါင်စာရင်းကို စတင်ကောက်ယူ၊ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သော သဃ်န်းကျွန်းဈေးနေရာတွင် နိုင်ငံတကာအဆင့်မီ ငါးထပ်အဆောက်အအုံတည်ဆောက်မည်၊ မြန်မာခရီးသွားအဖွဲ့တစ်ဖွဲ့ အာဆီယံနိုင်ငံအချို့သို့ စက်ဘီးဖြင့်လည်ပတ်မည်၊ ရေထွက်ပစ္စည်း ဝယ်ယူစုဆောင်းခွင့်လိုင်စင် အောက်ခြေဒေသများအထိ ကွင်းဆင်းဆောင်ရွက်ပေးမည်၊ အုပ်စုဖွဲ့ခါးပိုက်နှိုက်တချို့ ရန်ကုန်မြို့တွင် ပြန်လည်သောင်းကျန်းနေ၊ အာနန္ဒာဘုရား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် အိန္ဒိယက ကူညီမည်၊ ကလေးဗဟိုပြု ချဉ်းကပ်သင်ကြားနည်းစနစ် ၂၀၁၅တွင် အကောင်အထည်ဖော်မည် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ ကမ္ဘာကိုကိုင်လှုပ်ခဲ့သော မိခင်မြတ်မာသာထရီဆာ Myanmar Channel ၊ ရင်ထဲက စကားလက်ဆောင်၊ လာနီညာ…မညာတော့ပြီကွဲ့သို့သော ဖတ်စရာမှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

သိပ္ပံပညာသာ ဆက်လက်ဖွံ့ဖြိုးတိုးတက်နေရင် လူသားမျိုးနွယ်ဆိုတာ ဆက်လက်ရှင်သန်နေမှာပါ ဇီဝဗေဒပညာရှင် ပါမောက္ခ ဂွန်ဆာစတန်နှင့် The Straits Times သတင်းစာတို့ တွေ့ဆုံမေးမြန်းခြင်း၊ နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ ရာသီဥတုဖောက်ပြန်မှုကြောင့် အပူအအေးလွန်ကဲခြင်းတို့က ကမ္ဘာကြီးအားနှိပ်စက်၊ တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်က နိုင်ငံခြားလုပ်သားခွဲတမ်းတိုးပေးရေး ညွှန်ကြား၊ တောင်ကိုရီးယားသံစဉ်နဲ့ မြောက်ကိုရီးယားစာသား၊ ငယ်ရွယ်စဉ် စိတ်ပိုင်းဆိုင်ရာ နာမကျန်းဖြစ်မှုက အနာဂတ် ဆင်းရဲနုံချာမှုနှင့်ဆက်စပ်၊ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်လား စာရေးဆရာက သူ၏ စာအုပ်ထဲတွင် ဂျူလီအား အလွန်မျက်နှာများသူအဖြစ် ထုတ်ဖော်ရေးသား၊ ကမ္ဘာလုံးဆိုင်ရာ လေကြောင်းခရီးသွားလာရေး ဖွံ့ဖြိုးတိုးတက်မှုကို အာရှမှဦးဆောင်လျက်ရှိ စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

# အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)နှင့် မြန်မာနိုင်ငံ

(ယမန်နေ့မှအဆက်)

**ငြိမ်းချမ်းရေး၊ လွတ်လပ်ရေးနှင့် ကြားနေရေးဇုန်စာချုပ်**

**(Zone of Peace, Freedom and Neutrality Declaration)**

ဒေသငြိမ်းချမ်းရေး၊ လွတ်လပ်ရေးနှင့် ကြားနေရေးဇုန်စာချုပ်သည် အာဆီယံ၏ ဒေသလုံခြုံငြိမ်းချမ်းရေးဆိုင်ရာ စာချုပ်များအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ၁၉၇၁ခုနှစ် နိုဝင်ဘာလ ၂၇ရက်နေ့တွင် ကွာလာလမ်ပူကြေညာချက်အရ ထုတ်ပြန်ဆောင်ရွက်ခဲ့ပါသည်။ ပြင်ပစွက်ဖက်မှုများ ကင်းရှင်းရေး၊ ဒေသတွင်းအင်အားစုစည်း၍ စည်းလုံးညီညွတ်စွာ ရပ်တည်နိုင်ရေး၊ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးများအတွက် ရည်ရွယ်သည်။

**အရှေ့တောင်အာရှ နျူကလီးယားလက်နက်ကင်းမဲ့ရေးဇုန်စာချုပ်**

**(Treaty on the Southeast Asia Nuclear Weapon-Free Zone)**

အရှေ့တောင်အာရှ နျူကလီးယားလက်နက် ကင်းမဲ့ရေးဇုန်စာချုပ်ကို ၁၉၉၅ခုနှစ် ဒီဇင်ဘာလ ၁၅ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ ထိုစဉ်က မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံ မဟုတ်သော်လည်း စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။ ယင်းသဘောတူညီချက်ကို နျူကလီးယား မပြန့်ပွားရေးစာချုပ် အပိုဒ်(၇)နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ယင်းစာချုပ်သည် ၁၉၉၇ခုနှစ် မတ်လ ၂၈ရက်နေ့တွင် အာဏာသက်ဝင်ခဲ့ပါသည်။ ယင်းစာချုပ်အရ စာချုပ်အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် အဏုမြူလက်နက်များကို ထုတ်လုပ်ရန်ကြိုးပမ်းခြင်း၊ ထုတ်လုပ်ခြင်း၊ ရယူခြင်း၊ ပိုင်ဆိုင်ခြင်း၊ ယင်းလက်နက်အပေါ် ထိန်းချုပ်ခြင်းများကို ပြုလုပ်ခြင်းမပြုရပါ။ အဏုမြူလက်နက်များကို လက်ခံထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်းများကိုလည်းကောင်း၊ စမ်းသပ်ခြင်းနှင့် အသုံးပြုခြင်းများကို လည်းကောင်း မပြုလုပ်ရန် တားမြစ်ထားပါသည်။

**ဘာလီကွန်ကော့ဒ်-၂**

**(Declaration of ASEAN Concord II)**

အာဆီယံအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုကို လွန်ခဲ့သောနှစ်ပေါင်း(၄၀)အတွင်း ဦးတည်ခဲ့ပြီး ၂၀၀၃ခုနှစ်တွင်မူ အာဆီယံ၏ ပူးပေါင်းဆောင်ရွက်မှုတွင် အလှည့်အပြောင်းတစ်ခု ဖြစ်ပေါ်ခဲ့ပါသည်။ ယင်းအလှည့်အပြောင်းမှာ အာဆီယံသည် လူ့အဖွဲ့အသိုက်အဝန်းတစ်ခုအဖြစ် ပေါင်းစည်းရန်ဖြစ်ပါသည်။ ယင်းသို့ ပေါင်းစည်းမှုဖြစ်မြောက်ရန် ရည်မှန်းပြီး အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင်ကျင်းပပြုလုပ်ခဲ့သည့် (၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမှ အာဆီယံကွန်ကော့ဒ်-၂ဆိုင်ရာ ကြေညာစာတမ်းကို ၂၀၀၃ခုနှစ် အောက်တိုဘာလ ၇ရက်နေ့တွင် ထုတ်ပြန်ခဲ့လေသည်။ ယင်းကြေညာချက်တွင် အာဆီယံအသိုက်အဝန်းကို အာဆီယံလုံခြုံရေးအသိုက်အဝန်း၊ အာဆီယံ စီးပွားရေးအသိုက်အဝန်းနှင့် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းတို့ဖြင့် ထူထောင်ရန် မျှော်မှန်းခဲ့ပါသည်။

**လုပ်ငန်းဆောင်ရွက်မှုယန္တရားများ**

**အာဆီယံထိပ်သီးအစည်းအဝေး (ASEAN Summit)**

အာဆီယံထိပ်သီးအစည်းအဝေးသည် အာဆီယံအဖွဲ့ဝင်(၁၀)နိုင်ငံမှ နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများတက်ရောက်သည့် အာဆီယံ၏ အဆင့်မြင့်ဆုံး အစည်းအဝေးကြီးဖြစ်သည်။ အာဆီယံ၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ရမည့်ကိစ္စများနှင့်ပတ်သက်၍ အာဆီယံအမြဲတမ်းကော်မတီအစည်းအဝေး၊ အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ အာဆီယံဒေသဆိုင်ရာ ဆွေးနွေးပွဲတို့မှ ဆွေးနွေးခဲ့သည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ အာဆီယံဆိုင်ရာ သဘောတူညီချက်များ၊ ကြေညာချက်များနှင့် နားလည်မှုစာချွန်လွှာများနှင့်ပတ်သက်၍လည်းကောင်း၊ အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့ခေါင်းဆောင်များမှ ဆွေးနွေးအတည်ပြုလက်မှတ်ရေးထိုးသည့် အစည်းအဝေးကြီးတစ်ခုဖြစ်ပါသည်။ အာဆီယံပဋိညာဉ်စာတမ်းအရ ထိပ်သီးအစည်းအဝေးကို တစ်နှစ်လျှင်(၂)ကြိမ် ကျင်းပပါသည်။

**အာဆီယံဝန်ကြီးအဆင့်အစည်းအဝေး**

**(ASEAN Ministerial Meeting-AMM)**

အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးသည် အာဆီယံအဖွဲ့၏လုပ်ငန်းစဉ်များ ပူးပေါင်းညှိနှိုင်းကြရန်နှင့် မူဝါဒလမ်းညွှန်ချက်များအား ဆွေးနွေးပြုစုကြရန်အတွက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ တစ်နှစ်တစ်ကြိမ် ပုံမှန်ကျင်းပသည့် အစည်းအဝေးဖြစ်ပြီး နှစ်စဉ် ဇူလိုင်လတွင် ကျင်းပလေ့ရှိပါသည်။ ကြားကာလတွင် သီးသန့်အစည်းအဝေးများနှင့် အလွတ်သဘော အစည်းအဝေးများလည်း ပြုလုပ်လေ့ရှိပါသည်။ အာဆီယံပဋိညာဉ်စာတမ်းအရ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ပါဝင်သော အာဆီယံ ပူးပေါင်းညှိနှိုင်းရေးကောင်စီ (ASEAN Coordinating Council- ACC) ကို ဖွဲ့စည်းထားပါသည်။ အဆိုပါကောင်စီသည် အာဆီယံထိပ်သီးအစည်းအဝေးများအတွက် ပြင်ဆင်မှုများ ဆောင်ရွက်ခြင်း၊ ထိပ်သီးအစည်းအဝေးမှချမှတ်သည့် ဆုံးဖြတ်ချက်များနှင့် သဘောတူညီချက်များ အကောင်အထည်ဖော်ရေးဆိုင်ရာနှင့် ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ အာဆီယံထိပ်သီးအစည်းအဝေးမှ သတ်မှတ်ပေးသည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ပါသည်။

**အာဆီယံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေး**
**(Senior Official Meeting - SOM)**

အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသည် အာဆီယံအဖွဲ့အစည်း၏ လုပ်ငန်းအစီအစဉ်များနှင့် နိုင်ငံရေးနှင့် လုံခြုံရေးကိစ္စများကို ဆွေးနွေးသည့် အစည်းအဝေးတစ်ခုဖြစ်ပြီး အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးသို့ တာဝန်ခံ တင်ပြရပါသည်။ လုပ်ငန်းအဖွဲ့အစည်းအဝေးများကိုလည်း (SOM Working Group Meeting-SOMWG) ကို အခါအားလျော်စွာ ကျင်းပပါသည်။

**အာဆီယံအတွင်းရေးမှူးချုပ်ရုံး (ASEAN Secretariat)**

အာဆီယံ၏ လုပ်ငန်းများကို အထောက်အကူပြုရန်အတွက် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် အတွင်းရေးမှူးချုပ်ရုံးကို တည်ထောင်ထားရှိပါသည်။ ဖွဲ့စည်းပုံအရ အတွင်းရေးမှူးချုပ်ကို ဝန်ကြီးအဆင့်သတ်မှတ်ပြီး အာဆီယံဝန်ကြီးအဆင့် အစည်းအဝေး၏ ထောက်ခံချက်အရ အာဆီယံခေါင်းဆောင်များက ငါးနှစ်တာသက်တမ်းအတွက် အတည်ပြုခန့်အပ်ပါသည်။ အတွင်းရေးမှူးချုပ်ကို ဒုတိယအတွင်းရေးမှူးချုပ်လေးဦးက အထောက်အကူပြုပြီး ဒုတိယအတွင်းရေးမှူးချုပ်နှစ်ဦးကို အက္ခရာစဉ်အလိုက် အဖွဲ့ဝင်နိုင်ငံများမှ အလှည့်ကျခန့်ပါသည်။ ကျန်နှစ်ဦးကို သုံးနှစ်သက်တမ်း(အများဆုံးနှစ်ကြိမ်) အတွက် တတ်မြောက်ကျွမ်းကျင်မှုအရ လွတ်လပ်စွာ ရွေးချယ်ခန့်ထားပါသည်။

ထို့အပြင် ပဋိညာဉ်စာတမ်းအရ အာဆီယံအတွင်းရေးမှူးချုပ်ရုံး တည်ရှိရာ ဂျကာတာမြို့တွင် အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံစီမှ သံအမတ်ကြီးအဆင့်ရှိ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ဝင် တစ်ဦးစီပါဝင်သည့် အာဆီယံအမြဲတမ်းကိုယ်စားလှယ်များကော်မတီ (Committee of Permanent Representatives-CPR) တစ်ရပ်ကို ဖွဲ့စည်းထားပါသည်။ အဆိုပါ ကော်မတီသည် အာဆီယံ အသိုက်အဝန်းကောင်စီနှင့် အာဆီယံ အခြားဝန်ကြီးများအဆင့်ဆိုင်ရာ လုပ်ငန်းရပ်များအား အထောက်အကူပြုခြင်း၊ အာဆီယံအမျိုးသား အတွင်းရေးမှူးရုံးများနှင့် အာဆီယံအခြားဝန်ကြီးများဆိုင်ရာ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုပေးခြင်းနှင့် အာဆီယံ အတွင်းရေးမှူးချုပ်၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုခြင်းတို့ကို ဆောင်ရွက်ပါသည်။

**အာဆီယံဥက္ကဋ္ဌ**

အာဆီယံဥက္ကဋ္ဌရာထူးကို အဖွဲ့ဝင်နိုင်ငံ အမည်များ၏ အင်္ဂလိပ်အက္ခရာစဉ်အတိုင်း နှစ်စဉ်အလှည့်ကျ ဆောင်ရွက်ရန်ဖြစ်ပါသည်။ အာဆီယံသည် ပြက္ခဒိန်နှစ် တစ်နှစ်အတွင်းတွင် တစ်ခုတည်းသော ဥက္ကဋ္ဌရာထူးရှိရမည်ဖြစ်ပြီး အာဆီယံဥက္ကဋ္ဌအဖြစ် လက်ခံဆောင်ရွက်သည့်နိုင်ငံက အောက်ပါအစည်းအဝေးများတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါသည် -

(က) အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ် ထိပ်သီးအစည်းအဝေးများ၊

**မောင်အာဆီယံ**

(ခ) အာဆီယံ လုပ်ငန်းပေါင်းစပ်ညှိနှိုင်းရေးကောင်စီ၊

(ဂ) အာဆီယံ အသိုက်အဝန်းကောင်စီ(၃)ရပ်၊

(ဃ) သင့်လျော်သည့်ကိစ္စတွင် သက်ဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် ကဏ္ဍအလိုက် အဖွဲ့အစည်းများနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊

(င) အမြဲတမ်းကိုယ်စားလှယ်များ ကော်မတီ။

အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် အဖွဲ့ဝင်နိုင်ငံသည် -

(က) မူဝါဒပိုင်းဆိုင်ရာ ဦးဆောင်ဦးရွက်ပြုခြင်း၊ ပူးပေါင်းညှိနှိုင်းခြင်း၊ တူညီဆန္ဒရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် အာဆီယံ အသိုက်အဝန်းတစ်ရပ် တည်ထောင်ရေး ကြိုးပမ်းမှုများ အပါအဝင် အာဆီယံ၏ အကျိုးစီးပွားနှင့် ကောင်းကျိုးချမ်းသာကို တက်ကြွစွာ တိုးမြှင့်ဆောင်ရွက်ရန်ဖြစ်ပါသည်။

(ခ) ပြင်ပမိတ်ဆွေများနှင့် ပိုမိုနီးကပ်သည့် ဆက်ဆံရေးကို ခိုင်မာတိုးတက်စေရန် ဆောင်ရွက်ရာတွင် အာဆီယံကို ကိုယ်စားပြုဆောင်ရွက်ရန် ဖြစ်ပါသည်။

၂၀၁၀ ခုနှစ်အတွက် အာဆီယံဥက္ကဋ္ဌတာဝန်ကို ဗီယက်နမ်နိုင်ငံက တာဝန်ယူလျက်ရှိပါသည်။

**အာဆီယံနှင့်မြန်မာ**

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)ကို ၁၉၆၇ခုနှစ် ဩဂုတ်လ ၈ရက်နေ့တွင် စတင်ထူထောင်ခဲ့သော်လည်း မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ခုနှစ် ဇူလိုင် ၂၃ရက်နေ့တွင် အာဆီယံအသင်းဝင် ဖြစ်လာခဲ့ပါသည်။ မြန်မာနိုင်ငံသည် အာဆီယံအသင်းဝင်ဖြစ်ခြင်း မပြုမီကပင် ၁၉၉၅ခုနှစ် ဇူလိုင်လတွင် အာဆီယံ၏ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ ယင်းအရှေ့တောင်အာရှဒေသ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်သည် အာဆီယံအသင်းကြီး၏ အရေးပါဆုံးစာချုပ် တစ်ရပ်ဖြစ်သဖြင့် အဆိုပါစာချုပ်ကို ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် အာဆီယံအသင်း၏ လေ့လာသူအဖြစ် ပါဝင်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသင်းဝင် မဖြစ်မီက ပါဝင်ချုပ်ဆိုခဲ့သော အခြားစာချုပ်တစ်ရပ်မှာ အရှေ့တောင်အာရှ အဏုမြူလက်နက်ကင်းမဲ့ရေးဇုန် စာချုပ်ဖြစ်ပါသည်။ ၁၉၉၅ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သော ပဉ္စမအကြိမ် အာဆီယံထိပ်သီးအစည်းအဝေးနှင့် တစ်ဆက်တည်းကျင်းပသော အရှေ့တောင်အာရှဒေသ (၁၀)နိုင်ငံ ထိပ်သီးအစည်းအဝေးတွင် အဆိုပါစာချုပ်ကို အရှေ့တောင်အာရှဒေသ၏ (၁၀)နိုင်ငံခေါင်းဆောင်တို့က လက်မှတ်ရေးထိုးချုပ်ဆိုကြရာ မြန်မာနိုင်ငံမှလည်း ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပြီးနောက်ပိုင်းတွင် အာဆီယံလုပ်ငန်းကဏ္ဍအသီးသီးတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပြီးနောက်ပိုင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်လာခဲ့ရာတွင် နိုင်ငံရေး၊ လူမှုရေး၊ လုံခြုံရေးဘက်စုံလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

အာဆီယံသည် ၂၀၁၅ခုနှစ်တွင် တစ်ခုတည်းသော အာဆီယံ အသိုက်အဝန်းအဖြစ် ပေါင်းစည်းထူထောင်ရန် ရည်မှန်းလျက် မဏ္ဍိုင်ကြီး (၃)ခုဖြစ်သော အာဆီယံလုံခြုံရေး အသိုက်အဝန်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့် အာဆီယံလူမှု - ယဉ်ကျေးမှုအသိုက်အဝန်းတို့ကို အာဆီယံ ပဋိညာဉ်စာတမ်းနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း အခြားအာဆီယံ မိသားစုဝင်နိုင်ငံများနှင့်အတူ ရည်မှန်းချက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားဖော်ပြလိုက်ရပေသည်။ ။

**MRTV-4**
**ရုပ်မြင်သံကြားအစီအစဉ်**

၉-၈-၂၀၁၀ (တနင်္လာနေ့ )

**နံနက်ပိုင်း**

| | |
|---|---|
| ၅:၀၀ | MRTV-4အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ရတနသုတ် |
| ၅:၁၅ | MRTV-4 သတင်း |
| ၆:၀၀ | **မီးလျှံဒါန်းရ ကျိုးဖလ** တရားတော် (ဆရာတော်မွေ့ဒူတ အရှင်ပညာဝရ) |
| ၆:၅၀ | တောင်းဆုအမှန် ပြည့်မည်ဧကန် (ကျိုက်ထီးမဟာမုနိသွန်းဘုရား) |
| ၇:၀၀ | MRTV-4 သတင်း |
| ၇:၄၅ | MRTV-4 ကာတွန်းအစီအစဉ် |
| ၈:၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇၂) |
| ၈:၃၅ | မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ (အပိုင်း-၈) (ထွန်းအိန္ဒြာဗို) |
| ၉:၂၀ | ပရအကျိုးတို့သယ်ပိုးစို့ |
| ၉:၄၀ | Global Panorama |
| ၁၀:၄၀ | Activities in the City -ရခိုင်ပညာသင်ဆုချီးမြှင့်ပွဲ -DH Dance Studio ၏ (၁)နှစ်ပြည့် အခမ်းအနား |
| ၁၁:၀၅ | International Show Biz |
| ၁၁:၂၀ | True Value (Your One Stop Solution Partner) |
| ၁၁:၄၀ | ဆံကေသာကျန်းမာသန်စွမ်း လှပစေရန်ရည်ရွယ်ညွှန်း |
| ၁၂:၀၀ | ရန်ကုန်မြင်ကွင်းကျယ် (Study in Singapore STET Institute) |
| ၁၂:၀၅ | ကလေးများ၏ကျန်းမာဖွံ့ဖြိုးရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာမြင့်မြင့်သန်း) |
| ၁၂:၃၀ | မပြုမပြင် သဘာဝအသွင် ကျန်းမာရေးအတွက် မြကျောက်ရေစင် |
| ၁၂:၄၅ | ကြည်နူးဖူးမဝသည်.... ထူးလှသည့် ဓာတ်တော်တိုက်ဆီ |
| ၁:၀၀ | **မီးလျှံဒါန်းရ ကျိုးဖလ** တရားတော် (ဆရာတော်မွေ့ဒူတ အရှင်ပညာဝရ) |
| ၂:၀၀ | MRTV-4 သတင်း |
| ၂:၄၅ | The Champion of Dance |
| ၃:၂၀ | ပရအကျိုးတို့သယ်ပိုးစို့ |
| ၃:၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇၂) |
| ၄:၂၀ | တေးဂီတအစီအစဉ် |
| ၄:၃၀ | ဆံကေသာကျန်းမာသန်စွမ်း လှပစေရန်ရည်ရွယ်ညွှန်း |
| ၄:၄၅ | စာအုပ်ပြခန်း (စာရေးဆရာဦးလှထွန်းနှင့် တွေ့ဆုံခြင်း) |
| ၅:၂၀ | True Value (Your One Stop Solution Partner) |
| ၅:၃၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၆:၀၀ | MRTV-4 သတင်း |
| ၆:၂၀ | International Show Biz |
| ၆:၃၅ | အနုပညာမိုးကောင်းကင် |
| ၇:၀၀ | မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ (အပိုင်း-၉) (ဇော်ဝင်းထွဋ်) |
| ၇:၄၅ | ရန်ကုန်မြင်ကွင်းကျယ် (Study in Singapore STET Institute) |
| ၈:၀၀ | MRTV-4 သတင်း |
| ၈:၃၀ | The Champion of Dance |
| ၉:၀၅ | Celebrity Choice(မိုးဟေမာန်ခင်) |
| ၉:၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇၂) |
| ၁၀:၀၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁၀:၂၀ | ရိုးရာအစဉ်အလာ.... ယဉ်ကျေးမှုအဖြာဖြာ.... ပုဂံမြို့ရဲ့ယွန်းပြတိုက်မှာ |
| ၁၀:၄၀ | Sports World |
| ၁၁:၀၀ | အနုပညာမိုးကောင်းကင် |
| ၁၁:၃၀ | Celebrity Choice(မိုးဟေမာန်ခင်) |
| ၁၁:၅၀ | သတ္တုတူးသောရွာကလေး |
| ၁၂:၀၅ | **ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ** ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး (ဒါရိုက်တာ-ကြည်စိုးထွန်း) |
| ၁၂:၁၀ | ရဲယိုနှင့်ကျန်းမာရေး |
| ၁၂:၂၀ | မြေလတ်ရဲ့ဆည်ကန်သာ မဒေးရေလှောင်တမံပါ |
| ၁၂:၃၅ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**



ပဲခူးတိုင်း ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်သော သာဂရ-ငါးခုံးမချောင်းလမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ဩဂုတ် ၆ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

# လှိုင်သာယာမြို့နယ် စက်မှုဇုန်ရှိ လုပ်သားထုကျန်းမာရေးစောင့်ရှောက်မှု

## ဝန်ကြီး ဦးအောင်ကြည် ကြည့်ရှု၊ လုပ်သားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၈

**အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် စက်မှုဇုန်(၃) ဗန်းမော် အတွင်းဝန်လမ်းရှိ လူမှုဖူလုံရေးဆေးခန်း တိုးချဲ့ဆောင်ဖွင့်လှစ်သည့် အခမ်းအနားသို့ တက်ရောက်အားပေးသည်။**

### ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ ဦးယုလွင်အောင်နှင့် စက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်တို့က လူမှုဖူလုံရေးဆေးခန်း တိုးချဲ့ဆောင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီက ဆေးခန်းအတွက် ဆေးခန်းသုံးပစ္စည်းများကို လှူဒါန်းရာ ဝန်ကြီးက လက်ခံပြီး စက်ရုံဆေးခန်းအတွင်း ကြည့်ရှုစစ်ဆေး၍ ဆေးခန်းသို့ လာရောက်ပြသကြသော စက်ရုံလုပ်သားများအား တွေ့ဆုံ အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် လှိုင်သာယာ စက်မှုဇုန်(၂) ဆိပ်ကမ်းသာလမ်းရှိ "ချားမင်း" အထည်ချုပ်စက်ရုံသို့ သွားရောက်၍ လုပ်သားများ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်သားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

### ဖြည့်တင်းပေးအပ်

ယင်းနောက် စက်ရုံရှိ လုပ်သားများအတွက် ဖွင့်လှစ်ထားသော ဆေးခန်း၌ လိုအပ်သည့် ဆေးဝါးများကို လူမှုဖူလုံရေးအဖွဲ့ ဥက္ကဋ္ဌက စက်ရုံဆေးခန်းတာဝန်ခံ ဆရာဝန်ထံ ဖြည့်တင်းပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် အလုပ်သမား ဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ တီဘီ ရောဂါကုဆေးရုံကြီး (ထန်းတပင်)သို့ သွားရောက်၍ ဆေးရုံ တက်ရောက်ကုသနေသော အာမခံလုပ်သားများအား အားပေးစကား ပြောကြားကာ ဆေးရုံတက်ရောက်နေစဉ်အတွင်း အာမခံလုပ်သားများ ရသင့်ရထိုက်သော အကျိုးခံစားခွင့်များ ရရှိရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဆေးရုံအတွင်း ကူးစက် ရောဂါကာကွယ်ရေးအတွက် ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ကြည့်ရှုစစ်ဆေး

**အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် လှိုင်သာယာစက်မှုဇုန်(၂) ဆိပ်ကမ်းသာလမ်းရှိ "ချားမင်း" အထည်စက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

**နေပြည်တော် ဩဂုတ် ၉**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ဟိုဆေး အန်တိုနီယို ရှူး‌ဇ် ဘလန်ကိုအား ခန့်အပ်ရန် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက သဘောတူညီပြီး ဖြစ်သည်။

### ထမ်းဆောင်ခဲ့

မစ္စတာ ဟိုဆေး အန်တိုနီယို ရှူးဇ် ဘလန်ကိုသည် ၁၉၈၀ ခုနှစ် မေလ ၁၆ရက်တွင် မွေးဖွားခဲ့သူဖြစ်သည်။ ၎င်းသည် အမေရိကန် ပြည်ထောင်စု မီချီဂန် ပြည်နယ်တက္ကသိုလ်မှ ကုန်စည်အရောင်းစီမံခန့်ခွဲမှု ဘာသာရပ်ဖြင့် သိပ္ပံဘွဲ့ရရှိခဲ့ပြီး ၂၀၀၂ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ဂရုပိုဟာရာရီကုမ္ပဏီ၌ အထွေထွေမန်နေဂျာအဖြစ် လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ လက်ရှိအချိန်အထိ ဂျာကိုအက်စ်အေ ကုမ္ပဏီပိုင်ရှင်အဖြစ် လည်းကောင်း၊ ၂၀၀၉ ခုနှစ် ဇန်နဝါရီလမှ စတင်၍ ဘရေလက်ကို အက်စ်အေကုမ္ပဏီ၏ အထွေထွေမန်နေဂျာအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။

ယခုအခါ မစ္စတာ ဟိုဆေး အန်တိုနီယို ရှူးဇ် ဘလန်ကိုသည် စင်ကာပူသမ္မတ နိုင်ငံဆိုင်ရာ ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး စင်ကာပူမြို့တွင် ရုံးစိုက်နေထိုင်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပနားမားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန် ထမ်းဆောင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# ဥရောပအလယ်ပိုင်း၌ရေကြီး

## မြို့အချို့ ရေအောက်နစ်မြုပ်

*ဝါဆော ဩဂုတ် ၈*

*ဥရောပ အလယ်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် မြို့များ ရေအောက်သို့ နစ်မြုပ်ခဲ့ရကြောင်း၊ ရေဘေးကြုံတွေ့နေကြရသူများအား ရဟတ်ယာဉ်များဖြင့် ကယ်တင်လျက်ရှိကြောင်း ဒေသဆိုင်ရာ မီဒီယာများက ဩဂုတ် ၈ရက်တွင် သတင်းဖော်ပြသည်။*

*ပိုလန်နိုင်ငံရှိ ဘိုဂါတိုင်နီးယားမြို့သည် မြစ်ရေကြီးရာမှ မြို့ကို ရေလွှမ်းသွားကြောင်း၊ မြို့ပေါ်ရှိ တံတားကြီး၊ တံတားငယ်များ ရေလုံးတိုက်စားမှုခံခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။*

*မြို့ပေါ်ရှိ လူဦးရေ ၁၈၀၀၀တို့သည် နေအိမ်ခေါင်မိုးများပေါ်တွင် နေကြရကြောင်း၊ ရဟတ်ယာဉ်ဖြင့် အရေးပေါ်ကယ်ဆယ်ရေး ဆောင်ရွက်ပေးရန် လိုအပ်နေကြောင်း မြို့တော်ဝန် အန်ဂျက် ဂါဇီမီလီဝစ်ရဇ်က ပြောကြားသည်။*

*အဆိုပါ ရေကြီးမှုကြောင့် လူနေအိမ် အများအပြားလည်း ပြိုကျခဲ့ကြောင်း၊ သေဆုံးသူအနည်းဆုံး ခုနစ်ဦးရှိကြောင်း ၎င်းက ပြောကြားသည်။*

### *ရေလွှမ်း*

*အလားတူ ချက်သမ္မတနိုင်ငံတွင်လည်း ရေကြီး၍ မြစ်ရေလျှံမှုများ ဖြစ်ပွားကာ မြို့အချို့ရေလွှမ်းခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။*

*(အောက်ပုံ) အမ်အင်န်အေ၊ ရိုက်တာ*



## မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း



# တရုတ်နိုင်ငံဂန်ဆုပြည်နယ်၌ ရေကြီး၍ မြေပြို

## သေဆုံးသူ ၁၂၇ဦးရှိပြီး ၇၆ဦးဒဏ်ရာရ

*ပေကျင်း ဩဂုတ် ၈*

*တရုတ်နိုင်ငံအနောက်တောင်ပိုင်း ဂန်ဆုပြည်နယ် ကျို့ကျူဒေသ၌ မိုးသည်းထန်စွာရွာပြီး မြေပြိုမှုများဖြစ်ပွား၍ သေဆုံးသူ အနည်းဆုံး ၁၂၇ဦး ရှိကြောင်း တာဝန်ရှိသူများက ဩဂုတ် ၈ရက်တွင် အတည်ပြု ပြောကြားသည်။ (အပေါ်ပုံ)*

### *ထုတ်ပြန်ကြေညာ*

*အဆိုပါရေကြီး၊ မြေပြိုမှုများကြောင့် ဒဏ်ရာရရှိသူ ၇၆ ဦးရှိပြီး ၂၀၀၀ကျော် ပျောက်ဆုံးလျက်ရှိနေကြောင်း၊ လူပေါင်း ၄၅၀၀၀ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း ပြည်နယ်ပြည်သူ့ရေးရာဌာန၏ ထုတ်ပြန်ကြေညာချက်၌ ဖော်ပြသည်။*

*ဩဂုတ် ၈ရက် ညနေပိုင်းက ၎င်းရေကြီးမှုကြောင့် လူပေါင်း၆၈၀ ကိုလည်း ကယ်တင်ခဲ့ရကြောင်း၊ ချန်ဂွမ်မြို့တွင်လည်း အဆိုးရွားဆုံး ရေကြီးမှု ဖြစ်ခဲ့ကြောင်း၊ မြို့၏ထက်ဝက်မှာ နာရီအတန်ကြာ နစ်မြုပ်ခဲ့ကြောင်း၊ ၎င်းဒေသရှိ ယူယွမ်ကျေးရွာ၌ နေအိမ်အလုံး ၃၀၀ ရေနစ်မြုပ်သွားကြောင်း သိရသည်။*

*အမ်အင်န်အေ၊ ဆင်ဟွာ*

# ရော်ဘာမျိုးပွားမှုလုပ်ငန်းများ

## မူဆယ်မြို့၌ ဆောင်ရွက်

**မူဆယ် ဩဂုတ် ၈**

မူဆယ်ဒေသတွင် စက်မှုကုန်ကြမ်းအဖြစ် ရော်ဘာကို အမြောက်အမြား စိုက်ပျိုးလျက်ရှိရာ ငွေစင်ရော် ရော်ဘာခြံနှင့် ရတနာမြိုင် ပျိုးဥယျာဉ်များသို့ မြန်မာ့စက်မှု သီးနှံ ဖွံ့ဖြိုးရေး လုပ်ငန်း (နှစ်ရှည်ပင်) ပြည်နယ် မန်နေဂျာ ဦးဝင်းလှိုင်ဦးသည် မူဆယ်ခရိုင် မန်နေဂျာ ဦးသောင်းညွှန့်နှင့်အတူ ဩဂုတ် ၆ရက် နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးခဲ့သည်။

ရေးဦးစွာ ပြည်နယ်မန်နေဂျာအဖွဲ့သည် နမ့်ခွမ်ကျေးရွာ အနောက်ဘက်ရှိ ဦးဝင်းအောင်၏ ငွေစင်ရော် ရော်ဘာခြံသို့ သွားရောက်ကာ ရော်ဘာပင်များ ပျိုးထောင်ထားမှု၊ မျိုးပွားပြီး ရော်ဘာပင်များ ကိုင်းဖြတ်မှု၊ စိုက်ခင်းများကြား ပေါင်းမြက်များကို စက်ကိရိယာဖြင့် ရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပျိုးခင်းနှင့် စိုက်ခင်းအတွက် နည်းပညာများကို ဆွေးနွေး မှာကြားသည်။

ယင်းနောက် ဦးမင်းနွယ်၏ ရတနာမြိုင်ပျိုးဥယျာဉ်သို့ ရောက်ရှိပြီး ရော်ဘာ မျိုးပွားလုပ်ငန်းများ၊ ရော်ဘာပျိုးထောင်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ မျိုးပွားမှု နည်းပညာများအား ဖြည့်စွက် ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ ဆက်)**

# စိန့်မိုက်ကယ်ကျောင်း နှစ် (၆၀) ပြည့် မဂ္ဂဇင်း ထုတ်ဝေမည်

**ရန်ကုန် ဩဂုတ် ၈**

စိန့်မိုက်ကယ်ကျောင်း မအူကုန်း စိန့်မိုက်ကယ် ၁၉၅၀-၁၉၆၅နှင့် ၁၂၃ လမ်း စိန့်မိုက်ကယ် ၁၉၅၄-၁၉၇၅တို့၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေမည်ဖြစ်ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများက စာမူများကို စက်တင်ဘာ ၃၀ရက် နောက်ဆုံးထား၍ ဆရာကြီးဦးကောင်း အမှတ် ၃၅-A ဖိုးစိန်လမ်း ရန်ကုန်မြို့သို့ နောက်ဆုံးထားပေးပို့ကြရန် နှိုးဆော်ထားသည်။ **(၁၃၅)**

# အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုး ကာကွယ်ရေးနှိုးဆော်ချက်

အသည်းရောင်အသားဝါရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်) ပိုးများသည် တစ်ဦးနှင့်တစ်ဦးသွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင် အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့်(စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံစသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုး ဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သောသွေးရရှိရန် ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# ကြာအင်းဆိပ်ကြီး၌ ရေမြောင်းများတူးဖော်

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၈**

ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း ကျန်းမာသန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများတူးဖော်၍ အမှိုက်များဆယ်ယူခြင်းလုပ်ငန်းကို ဩဂုတ် ၂ရက်က အငယ်တန်းအင်ဂျင်နီယာနှင့် ဦးဆောင်သော အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးခင်မောင်ချိုက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

# နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း

## စင်ကာပူနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၉

၂၀၁၀ခုနှစ် ဩဂုတ် ၉ ရက်တွင် ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၄၅)နှစ်မြောက် နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဂျော့ယိုးထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၃၇၂ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၄ရက်(အဖိတ်နေ့)**
**၉-၈-၂၀၁၀ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ **လူနှတ်နှစ်လီ တစ်ရစ်စီ ရွှေနှတ်တောင်စေတီ**
၈:၀၀ ၆။ သံသာချိုအေးမင်္ဂလာတေး
၈:၁၀ ၇။ ချစ်စရာ့အရှယ်ကကြိုးသွယ်
၈:၂၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၃၀ ၉။ အဆိုပြိုင်ပွဲ
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပဒေသာ
၄:၁၅ ၃။ တေးဂီတအစီအစဉ်
၄:၂၅ ၄။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ပဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ် ပူဇော်ပွဲ(တတိယဆု) [အထက-(၁)မှော်ဘီ၊ အမျိုးသမီးဝတ်ရွတ်အဖွဲ့]
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၅၀ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅:၀၀ ၇။ **ကဏ္ဍစုံလင် အားကစားအစီအစဉ်**
၅:၃၀ ၈။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာဆန်သူ...ကိုယ့်ချစ်သူ** (အပိုင်း-၆)
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ ဒီမိုကရေစီခေတ်တည်ဟန် (မေအိမ့်ဒါလီမွန်၊ တေးရေး-တက္ကသိုလ်မြတ်သူ)
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (ဒုတိယတွဲ) (အပိုင်း-၁၆)
၁၈။ သုခမရှင်ပြင်



# ပညာရည်ချွန်ဆုချီးမြှင့်ပွဲ

## ညောင်တုန်းမြို့ ချောင်းကြီးအထက(ခွဲ)၌ကျင်းပ

ညောင်တုန်း ဩဂုတ် ၈

ညောင်တုန်းမြို့နယ် ချောင်းကြီးကျေးရွာ အထက(ခွဲ)၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျောင်းခန်းမ၌ ဇူလိုင် ၂၈ရက်က ကျင်းပရာ အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးမြရွှေနှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်တန်း သုံးဘာသာဂုဏ်ထူးရှင် မောင်မောင်တာ၊ မအေးအိကုံညွှန့်၊ နှစ်ဘာသာဂုဏ်ထူးရှင် မဝင်းဒါလီ၊ စသန်းဖြိုးအောင်၊ တစ်ဘာသာ ဂုဏ်ထူးရှင် မဇင်မာနွယ်နှင့် သူငယ်တန်းမှ နဝမတန်းအထိ ပထမ၊ ဒုတိယ၊ တတိယ ပညာရည်ချွန်ဆုရရှိကြသူများနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးကြသော ဆရာ ဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

အဆိုပါ ချောင်းကြီးကျေးရွာ အထက (ခွဲ)မှာ ၂၀၁၀ တက္ကသိုလ်ဝင်စာမေးပွဲတွင် ညောင်တုန်းမြို့နယ်၌ အောင်ချက်အကောင်းဆုံး ပထမရရှိသော ကျောင်းဖြစ်ပြီး ဧရာဝတီတိုင်း အောင်ချက်အဆင့်တွင် နံပါတ်(၈)ရရှိသော ကျောင်းဖြစ်ကြောင်း သိရသည်။ (၁၅၂)



ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေး သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ၌အသုံးပြုသည့် ဖိအားမြှင့် သဘာဝဓာတ်ငွေ့သုံး စလင်ဒါအိုးများ ဖိအားစမ်းသပ်စစ်ဆေးသည့် စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

# ဒုတိယဝန်ကြီး ဦးသန်းဌေး သာကေတ ကမ်းလွန်အခြေချစခန်းစစ်ဆေး

## ရေယာဉ်ဝင်/ထွက် အန္တရာယ်ကင်းရှင်းရေးဆွေးနွေးမှာကြား

နေပြည်တော် ဩဂုတ် ၈

**စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးသည် ဩဂုတ်၇ရက် နံနက်ပိုင်းတွင် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)၌ စက်စွမ်းအားပြည့်မြှင့်တင်ရေးအတွက် အကြီးစားပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရှင်းလင်းဆောင်၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများက စက်ပစ္စည်းများ ရောက်ရှိမှုနှင့် ပြုပြင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် ပြုပြင်ပြီးစီး၍ စက်စမ်းသပ်လည်ပတ်အသုံးပြုနေသော Power Generation Unit နှင့် Control Pannel တို့ကိုလည်းကောင်း၊ ရေနံပေါင်းတင်ချက်စက်ရုံ (B) ရှိ Fire Heater နှင့် Control Room တို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ သာကေတကမ်းလွန်အခြေချစခန်းသို့ ရောက်ရှိပြီး အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ ဆိပ်ကမ်းအရည်အသွေး မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေယာဉ်ဝင်/ထွက် အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

### သရုပ်ပြ

ဆက်လက်၍ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ၌ အသုံးပြုသည့် ဖိအားမြှင့် သဘာဝဓာတ်ငွေ့သုံး စလင်ဒါအိုးများ ဖိအားစမ်းသပ်စစ်ဆေးသော စက်ရုံသို့ ရောက်ရှိပြီး စလင်ဒါအိုးများ မျက်မြင်စစ်ဆေးခြင်း၊ ရေဖြင့်ဖိအားမြှင့်စမ်းသပ်ခြင်း၊ ကွန်ပျူတာဖြင့်ယိုစိမ့်မှု ရှိ/မရှိ စစ်ဆေးခြင်း အဆင့်ဆင့်သရုပ်ပြသမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စင်ကာပူနိုင်ငံ BCA Academy ၏ ဝင်ခွင့်စာမေးပွဲကို မြန်မာနိုင်ငံတွင် ဖြေဆိုနိုင်

ရန်ကုန် ဩဂုတ် ၈

အင်ဂျင်နီယာပညာရပ်များ သင်ယူလိုသည့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူ လူငယ်များသည် စင်ကာပူနိုင်ငံ BCA Academy ကျောင်း၌ ပညာသင်ယူနိုင်ရန်အတွက် ဝင်ခွင့်စာမေးပွဲကို အလွယ်တကူဖြေဆိုနိုင်ရန် Future Way Education & Services မှ စီစဉ်ပေးလျက်ရှိကြောင်း၊ စင်ကာပူနိုင်ငံ ဆောက်လုပ်ရေးလောကတွင် အရေးပါဆုံးသော BCA အဖွဲ့အစည်းကြီး၏ BCA Academy ကျောင်းသည် စင်ကာပူအစိုးရကျောင်းဖြစ်ခြင်း၊ စာတွေ့လက်တွေ့ကို သင်ထောက်ကူပစ္စည်းအပြည့်အစုံဖြင့် သင်ယူနိုင်ခြင်း၊ ခေတ်မီပြည့်စုံသည့် ကျောင်းခန်းအတွင်း စိတ်အေးချမ်းပျော်ရွှင်စွာ ပညာသင်နိုင်ခြင်း၊ ထူးချွန်သူတို့အတွက် ပညာသင်ထောက်ပံ့ကြေးများ၊ ဆုများရှိခြင်းတို့ကြောင့် ခိုင်မာရေရာမှုရှိသည့် ကျောင်းဖြစ်ကြောင်း၊ ထိုကျောင်းတွင် ပညာသင်နိုင်ရန် Future Way Education & Services မှ ကျောင်းအပ်နှံပေးခြင်းသာမက တက်ရောက်မည့် ဒီပလိုမာများအလိုက် သက်ဆိုင်ရာ ဘာသာရပ်ဝင်ခွင့်စာမေးပွဲကို အခက်အခဲမရှိ လွယ်လွယ်ကူကူဖြေဆိုနိုင်ရန် သက်ဆိုင်ရာ ဘာသာရပ်များကို ကျွမ်းကျင်သည့် ဆရာဆရာမများဖြင့် ကြိုတင်သင်ကြားပေးပြီး မေးခွန်းဟောင်းများဖြင့် လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

### သင်တန်းများ

ထိုကျောင်းတွင် သင်ယူနိုင်မည့် ဒီပလိုမာသင်တန်းများမှာ Construction Engineering, Diploma in Design, Mechanical Engineering (Green Building Technology ), Strategic Facilities Management, Electrical Engineering and Clean Energy နှင့် Computer ကို စိတ်ဝင်စားသူများအတွက် Building Information Engineering ဆိုသည့် သင်တန်းများဖြစ်သည်။

### အခွင့်အရေးများ

BCA Academy ကျောင်းတွင် ပညာသင်ရခြင်း၏ အားသာချက်များ၊ သင်ယူနိုင်သော ဘာသာရပ်များနှင့် အလားအလာကောင်းများကို ရှင်းလင်းဆွေးနွေးပေးခြင်းကို ဩဂုတ်၁၅ရက် နံနက် ၁၀နာရီမှ ညနေ၃နာရီအထိ Future Way Education & Services ၌ ကျင်းပပြုလုပ်သွားရန်ရှိပြီး တက်ရောက်လိုသူများအနေဖြင့် ဖုန်းသို့မဟုတ် လူကိုယ်တိုင် ကြိုတင်ဆက်သွယ်စာရင်းပေးတက်ရောက်နိုင်ကြောင်း၊ ထိုပွဲတက်ရောက်သူများသည် မေးခွန်းဟောင်းနှစ်စုံနှင့် စာမေးပွဲဖြေဆိုရန် အကြိုပြင်ဆင်မှုသင်တန်းကို Future Way Education & Services တွင် Discount ဖြင့် တက်ရောက်နိုင်မည့် အခွင့်အရေးများ ရနိုင်မည်ဖြစ်ကြောင်း သိရသည်။

### ဆက်သွယ်နိုင်

ဆက်သွယ်ရမည့် လိပ်စာမှာ အမှတ် ၉ အခန်း (၆၊ အေ) ယောမင်းကြီးလမ်းသွယ်၊ သမ္မတကွန်ဒို ဖုန်း- ၂၄၁၀၉၉နှင့် ၂၅၄၁၈၅တို့ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**


# ကြွက်ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

မိုးဦးအစတွင် ရိုးမများအတွင်း မှီခိုနေထိုင်သော ကြွက်ဝမ်းဖြူများသည် မျိုးပွားနှုန်းမြင့်မားလာခြင်း၊ ဒေသနှင့်ဝါးမျိုးကွဲအလိုက် ဝါးပန်းပွင့်ခြင်း၊ ဝါးသုဉ်းခြင်းတို့ကြောင့် ရိုးမအတွင်း အစားအစာရှားပါးလာသဖြင့် စပါးပျိုးခင်းနှင့် စိုက်ခင်းများရှိရာ မြေပြန့်သို့ အုပ်စုလိုက်ရွှေ့ပြောင်း၍ ပျိုးခင်းမှစပါးစေ့နှင့် ပျိုးပင်ငယ်များ စားသောက်ဖျက်ဆီးနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ကြွက်ကျရောက်ဖျက်ဆီးခဲ့ပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါသည် -

- လူနေအိမ်နှင့်စိုက်ခင်းများတွင် ကြွက်ခိုအောင်းနိုင်သော နေရာများအား သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊
- ကြွက်ကျင်းများ တူးဖော်နှိမ်နင်းခြင်း၊
- ကြွက်ကျင်းများထဲသို့ မီးခိုးမှိုင်းတိုက်ခြင်း၊ ရေလောင်းထည့်ခြင်း၊
- တစ်ကွင်းတစ်စပ်တည်းတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ခြောက်လှန့်ရှာဖွေဖမ်းဆီးခြင်း၊
- ထောင်ချောက်အမျိုးမျိုးအသုံးပြု နှိမ်နင်းခြင်း၊
- လိုအပ်ပါက ကြွက်သတ်ဆေးချ၍ ကာကွယ်နှိမ်နင်းခြင်း၊

အကူအညီလိုအပ်ပါက နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဌာနများသို့ ဆက်သွယ်ဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန



# နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်


# မြန်မာ့အလင်း အားကစားဖောင်ပိတ်သတင်း

➤ အာကာကျော်-စုစည်းသည် ➤

စာမျက်နှာပွဲ့စည်းမှု-ခင်သန္တာသိန်း (မြန်မာ့အလင်း)

# ပရီမီယာလိဂ် ကန့်လန့်ကာအဖွင့် မန်ယူ ကွန်မြူနတီဒိုင်းဆွတ်ခူး

လန်ဒန် ဩဂုတ် ၈



**မန်ယူတိုက်စစ်မှူး ရွန်နေ ကွန်မြူနတီဒိုင်း ကိုင်မြှောက်၍ ဤသို့ အောင်ပွဲခံခဲ့သည်။**
(အင်တာနက်)

ချယ်လ်ဆီးနှင့် မန်ယူတို့သည် ကွန်မြူနတီဒိုင်းလုပွဲအဖြစ် ဩဂုတ် ၈ရက် ညပိုင်းက ဝင်ဘလေကွင်းကြီး၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

မန်ယူတွင် နာမည်ကြီး ကစားသမားများကြသည့် ရွန်နေ၊ နာနီ၊ ဗလင်စီယာ၊ ဖလက်ချာ၊ ဘာဘာတော့ဗ် အစရှိသော ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။

### ပွဲထွက်ကစား

ထို့အတူ ချယ်လ်ဆီးအသင်းသည်လည်း လမ်းပတ်၊ တယ်ရီ၊ အက်ဆီယံ၊ ကာလူးနှင့် ဘီနာယွန်း အစရှိသော ကစားသမားအကျော်အမော်များဖြင့် ပွဲထွက်ကစားခဲ့သည်။

ကွန်မြူနတီဒိုင်းပြိုင်ပွဲ ပြီးခဲ့သည့်နှစ်က ပရီမီယာလိဂ်ဖလား ဆွတ်ခူးသည့် အသင်းနှင့် အမှတ်ပေးဇယား ဒုတိယနေရာရသောအသင်းတို့ ယှဉ်ပြိုင်ကြသည်။ ယမန်နှစ်က ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်နှင့် အက်ဖ်အေဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့သည့် အသင်းဖြစ်သည်။




ကွန်မြူနတီဒိုင်းဆုနှင့်အတူ အောင်ပွဲခံနေသော မန်ယူကစားသမားများကို ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

### ချေပဂိုးသွင်းယူ

ပွဲစသည်နှင့် အကြိတ်အနယ်ကစားကြသည်။ ပထမပိုင်းပွဲပြီးရန် သုံးမိနစ်အလိုတွင် ဗလင်စီယာက မန်ယူအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်း ပွဲချိန် ၇၆မိနစ်တွင် မန်ယူကစားသမားသစ် ဟာနန်ဒက်က မန်ယူအတွက် ဒုတိယအနိုင်ဂိုး သွင်းယူခဲ့သည်။ ပွဲချိန် ၈၃ မိနစ်တွင် ကာလူးက ချယ်လ်ဆီးအတွက် ချေပဂိုး သွင်းယူခဲ့သည်။

### ဆွတ်ခူးနိုင်

လေလွင့်ချိန်တွင် မန်ယူတိုက်စစ်မှူးဘာဘာတော့ဗ်က နာနီဖြတ်တင်ဘောမှတစ်ဆင့် မန်ယူအတွက် တတိယအနိုင်ဂိုးသွင်းယူခဲ့ပြီး မန်ယူက သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ကာ ပရီမီယာလိဂ်ရာသီ ကန့်လန့်ကာအဖွင့်တွင် ကွန်မြူနတီဒိုင်းကို ဆွတ်ခူးနိုင်ခဲ့သည်။

ပရီမီယာလိဂ်ပြိုင်ပွဲများကို ဩဂုတ် ၁၄ရက်မှ စတင်ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။ ချယ်လ်ဆီးနှင့်မန်ယူတို့သည် ပရီမီယာလိဂ်အဖွင့်တွင် အိမ်ကွင်း၌ အသီးသီး ကစားကြရမည်ဖြစ်သည်။

ချယ်လ်ဆီးက ဩဂုတ် ၁၄ရက်တွင် ဝက်စ်ဘရွန်းအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မန်ယူက ဩဂုတ် ၁၆ရက်၌ နယူးကာဆယ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**



မန်ယူအတွက် အဖွင့်ဂိုးကို ဗလင်စီယာက ဤသို့သွင်းယူပေးခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

# ဟိုတယ်/ခရီး ဝန်ကြီး ဦးစိုးနိုင် ဝန်ထမ်းများအား တွေ့ဆုံမှာကြား

ရန်ကုန် ဩဂုတ် ၈

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်သည် ဩဂုတ် ၆ရက်က ရန်ကုန်မြို့ရှိ ဧည့်လမ်းညွှန်သင်တန်းကျောင်းခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းရုံးခွဲ၊ ခရီးသွားလုပ်ငန်းဌာန၊ ပို့ဆောင်ရေးဌာနခွဲ၊ သိုလှောင်ရုံနှင့် မော်တော်ယာဉ်ဌာနခွဲ၊ ယမကာလုပ်ငန်းဌာနခွဲများမှ အရာထမ်းများ၊ အမှုထမ်းများအားတွေ့ဆုံ၍ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝန်ထမ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားနှင့် ပြည်နယ်နှင့်တိုင်း သိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၈

၂၀၁၀ခုနှစ် အဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားနှင့် (၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ၃နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ယမန်နှစ် ချန်ပီယံအသင်းများဖြစ်ကြသည့် ရန်ကုန်တိုင်းမှ လက်သိုင်းဒိုင်းဆု၊ ဓားသိုင်းဒိုင်းဆု၊ စွယ်စုံဒိုင်းဆုနှင့် ရန်ကုန်တိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းတို့က ပူးတွဲရရှိခဲ့ကြသည့် စွမ်းရည်ပြဒိုင်းဆုများကို ပြန်လည်အပ်နှံကြရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လက်ခံသည်။

## ဖွင့်လှစ်ပေး

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကား ပြောကြားကာ **(အပေါ်ပုံ)** ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် JADE LAND MYANMAR Co.,Ltd. မှ ဒါရိုက်တာဦးယွပ်ဆင်ဝါးလီက အလှူငွေ ကျပ်သိန်း၃၀ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးချုပ်သန်းဟန်က လက်ခံသည်။

## ယှဉ်ပြိုင်ကစား

ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၂၁သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ဩဂုတ် ၇ရက်မှ ၁၄ရက်အထိ နေ့စဉ်နံနက် ၉နာရီတွင် စတင်ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ငါးရစ်ငါးသန် တားမြစ်ကာလအတွက် ပညာပေးပိုစတာများစိုက်ထူ

ရန်ကုန် ဩဂုတ် ၈

ဧရာဝတီတိုင်း မြောင်းမြခရိုင် မြောင်းမြမြို့နယ်အတွင်း ငါးသယံဇာတများ မပြုန်းတီးရေး၊ စဉ်ဆက်မပြတ် ငါးရိက္ခာ ထုတ်လုပ်နိုင်ရေးအတွက် ငါးလုပ်ငန်းဆိုင်ရာ အသိပညာပေးပိုစတာများ စိုက်ထူပွဲအခမ်းအနားကို ဇူလိုင် ၂၈ရက် နံနက် ၉နာရီက မြောင်းမြ-ပုသိမ်-အိမ်မဲ-ဝါးခယ်မလမ်းဆုံရှိ ကျုံဝါးကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမင်းနောင်က ငါးသယံဇာတ ပြန်းတီးမှုမရှိစေရန်အတွက် ယခုလို မိုးဦးကာလ ငါးရစ်ငါးများ တက်ရောက်ဥချ သားပေါက်ချိန်၊ ငါးသန်ငယ်လေးများ ပေါက်ဖွားကြီးထွားရန် အစပြုချိန်တို့တွင် ဖမ်းဆီးမှု မပြုလုပ်ကြရန်၊ အဆိပ်ချ ငါးဖမ်းခြင်း၊ ကျင်စက်(ခေါ်) ရှော့တိုက်ငါးဖမ်းခြင်း၊ ပိုက်စိမ်း(ခေါ်)ဇာပြာသုံး ငါးဖမ်းခြင်း စသည့် ခွင့်ပြုချက်မရှိသော တားမြစ်ထားသည့် ငါးဖမ်းနည်းများကို အသုံးမပြုရန်နှင့် ငါးလုပ်ငန်းနှင့် သက်ဆိုင်သော ဥပဒေများကို လေးစားလိုက်နာရန် စသည်ဖြင့် ဆွေးနွေးဟောပြောပြီး တက်ရောက်လာကြသော တောင်သူများသို့ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ပညာပေးဆွေးနွေးပွဲ ကျောက်မဲခရိုင် နမ္မတူမြို့နယ်၌ ကျင်းပ

ကျောက်မဲ ဩဂုတ် ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်ရဲတပ်ဖွဲ့က ကြီးမှူး၍ ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ပညာပေးဟောပြောပွဲကို ဇူလိုင် ၃၀ရက်က နမ္မတူမြို့နယ်ခန်းမ၌ ကျင်းပရာ ကျောက်မဲခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ တားဆီးကာကွယ်ရေးဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်ခိုင်ဦးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

## ဟောပြော

အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူးက ၂၀၁၀-၂၀၁၁ ဘိန်းစိုက်ပျိုးရာသီတွင် ဘိန်းစိုက်ပျိုးမှု လုံးဝမရှိစေရေး အသိပညာပေးဟောပြောပြီး **(အပေါ်ပုံ)** လားရှိုးမူးယစ်(အထူး)မှ ရဲအုပ်စိုးမင်းသန်းက မူးယစ်ဆေးဝါး ဆိုးကျိုးများအကြောင်း အသိပညာပေး ဟောပြောခဲ့သည်။

**(ခရိုင်ရဲတပ်ဖွဲ့)**

# ဥနှင့်ငါးကို ကြီးစေလို ငါးရစ်ဆို မဖမ်းနှင့်



# ထန်းတပင်မြို့နယ် ရွာသာယာကျေးရွာ၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ထန်းတပင် ဩဂုတ် ၈

ပဲခူးတိုင်း တောင်ငူခရိုင် ထန်းတပင်မြို့နယ် ချောင်းဝကျေးရွာအုပ်စု ရွာသာယာကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်းတွင် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၇ရက် နံနက်က အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

## ဖွင့်လှစ်ပေး

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးမှူး ဦးဌေးဝင်းက သစ်ပင်များစိုက်ပျိုးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ မြို့နယ်ဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်၊ မြို့နယ်သစ်တောဦးစီးမှူး ဦးဌေးဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးနွယ်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကျော်အောင်တို့က သစ်ပင်စိုက်ပျိုးပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများစုပေါင်း၍ ကျွန်းပျိုးပင် ၅၀၀ကျော်ကို စိုက်ပျိုးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းများ ဖွင့်မည်

ရန်ကုန် ဩဂုတ် ၈

SANTINI International Training Academy က ပြည်တွင်းပြည်ပရှိ စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များ၊ Shopping Mall များ၊ ဟိုတယ်ကြီးများနှင့် အပျော်စီးသင်္ဘောများတွင် ဝင်ရောက် အလုပ်လုပ်ကိုင်လိုသူများအတွက်လည်းကောင်း၊ မိမိ၏ဘဝ မြင့်မားရေးအတွက် လိုအပ်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းအဖြစ်လည်းကောင်း ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းများ၊ ကွန်ပျူတာနည်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

## ဖွင့်လှစ်

အဆိုပါ သင်တန်းများအနက် အလုပ်အကိုင် အခွင့်အလမ်းများစွာရှိသော ဟိုတယ်သင်တန်းများအနက် ကာလတို တစ်လခွဲ သင်တန်းများဖြစ်သော Front Desk Representative, Guestroom Attendant, Restaurant Server, Commercial Aviation, Bartender & Arts of Mixology, Banquet Set up and Catered Events များကိုလည်းကောင်း၊ ရုံးဝန်ထမ်းများ အဆင်ပြေစေရန် ရုံးချိန်ပြင်ပ စာသင်ချိန်များ အသွင်ဖြင့် IT သင်တန်းများအပြင် ကာလရှည်လေးလသင်တန်းဖြစ်သော Managing Front Office Operation ကို ဩဂုတ်လအတွင်း တစ်ပြိုင်နက်တည်း ဖွင့်လှစ်သွားမည်ဖြစ်သည်။

SANTINI International Training Academy က အထူးအစီအစဉ်အနေဖြင့် ဩဂုတ် ၁၄ရက် (စနေနေ့)တွင် Food & Beverages, House-keeping, Front Office & IT သင်တန်းများနှင့်သက်ဆိုင်သော ပညာရပ်များ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပြည်ပ ပညာရေးဆိုင်ရာ အကြံပေးမှုများ၊ လုပ်ငန်းနယ်ပယ်သစ်၌ စိန်ခေါ်လုပ်ကိုင်လိုသူများအား သက်ဆိုင်ရာ ကဏ္ဍများတွင် American Hotels & Lodging Association အသိအမှတ်ပြု ပြည်တွင်းပြည်ပ လုပ်ငန်းအတွေ့အကြုံရှိသော Certified Hospitality Educator ဆရာများက မွန်းလွဲ ၁၂နာရီခွဲမှ ညနေ ၅နာရီအထိ ယခုလက်ရှိ ဖြစ်ပေါ်ပြောင်းလဲနေသော ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုဆိုင်ရာနှင့် အလုပ်အကိုင် အခွင့်အလမ်းများအကြောင်း အခမဲ့ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး ဟောပြောပွဲကာလအတွင်း သင်တန်းအပ်နှံပါက သင်တန်းခ ၂၀ရာခိုင်နှုန်း လျှော့ပေးမည်ဖြစ်သည်။

## ဆက်သွယ်နိုင်

အသေးစိတ် အချက်အလက်များကို သိရှိလိုပါက အမှတ် ၁၇၀/၁၇၆ နယူးဧရာ ဟိုတယ် ဗိုလ်အောင်ကျော်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ (အာလာဒင်ဂိမ်းစင်တာအနီး) e-mail: info@santinitraining.com, admin @santinitraining.com, website: www. santinitraining. com ဖုန်း- ၃၈၃၇၃၉၊ ၃၈၃၇၄၀နှင့် ၂၅၆၉၃၈ ~ ၄၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**မန်စီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် ရေစင်မှ ရေသွယ်တန်းမှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့်အဖွဲ့ ဩဂုတ် ၃ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအေးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းမင်းတို့ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



# မြဝတီရုပ်မြင်သံကြား

၉-၈-၂၀၁၀ (တနင်္လာနေ့)

## နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၂၀ ၃။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ ဗုဒ္ဓမြတ်စွာ သာသနာအတွက် တစ်ရက်မနား တစ်သက် ကြိုးစားခဲ့သည့်ဆရာတော်
၇:၂၅ ၄။ ဓမ္မပူဇာတေး
၇:၃၀ ၅။ မျိုးချစ်တပ်မတော်
၇:၃၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၄၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

## ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၅။ မျိုးချစ်တပ်မတော်
၄:၄၅ ၆။ စိုက်ပျိုးသုတ
၄:၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅:၃၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးသောက်ကြယ်** (အပိုင်း-၇)
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၂။ လျှပ်တစ်ပြက်
၆:၄၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၃၇)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ Talk of the Town
၂၀။ မေးမြန်းစုံစမ်း
၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တိမ်လွှာကြားက သိုင်းသမား** (အပိုင်း-၄)
၂၄။ Mini Series (အပိုင်း-၃)

# မိုးစပါး စုပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး တက်ရောက်

**နေပြည်တော် ဩဂုတ် ၈**

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးသည် တာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ် ၃ရက်က ကျိုင်းတုံမြို့ ယန်းလောကျေးရွာအုပ်စုအတွင်း မိုးစပါးစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ယန်းလောကျေးရွာ မိုးစပါးစုပေါင်းမြေဩဇာကြဲပက်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသော မြေဩဇာနမူနာများကို လှည့်လည်ကြည့်ရှုကြပြီး တောင်သူတစ်ဦး၏လယ်မြေ၌ ဒေသခံ ရွာသူ ရွာသားများ စုပေါင်း မြေဩဇာကြဲပက်နေမှုများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (ကျိုင်းတုံ)သင်တန်းကျောင်းခန်းမ၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် တိုင်းမှူးက အမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီးနှင့် ကျောင်းသားကျောင်းသူများထံ အလှူငွေ၊ ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကိုပေးအပ်ကာ သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရာရှိများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၈/၂၀၁၀) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရာရှိများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၈/၂၀၁၀)ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၈**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရာရှိများအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၈/၂၀၁၀)ဖွင့်ပွဲကို ဩဂုတ် ၇ရက် နံနက် ၉နာရီက ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဦးမောင်ဦးတက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦးနှင့် ဦးဝင်းအောင်၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ သင်တန်းသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့မှ သင်တန်းသား သင်တန်းသူအရာရှိ စုစုပေါင်း ၂၁၂ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**



# ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အရာထမ်း၊ အမှုထမ်းများ ကွန်ပျူတာအခြေခံသင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၈**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အရာထမ်း၊ အမှုထမ်းများ ကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ်(၃/၂၀၁၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၆ရက် နံနက် ၁၁နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးရုံး ပင်မကွန်ပျူတာခန်းမ၌ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာနှင့် ဌာနမှူးများ၊ ဌာနခွဲမှူးများ၊ သင်တန်း တာဝန်ခံ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူ ၂၂ဦးတို့ တက်ရောက်ကြသည်။

**ပေးအပ်**

ရှေးဦးစွာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ပထမဆုရရှိသော သယ်ယူပို့ဆောင်ရေးဌာနမှ သင်တန်းသူ ဒေါ်နီလာဝင်းအား ဂုဏ်ပြုဆုကိုလည်းကောင်း **(အပေါ်ပုံ)** သင်ကြားပေးသော နည်းပြများအား ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း ပေးအပ်ပြီး အထွေထွေမန်နေဂျာက သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေကြည်မြို့နယ်အသင်း နှစ်ပတ်လည် သင်းလုံးကျွတ်စည်းဝေး

**ရန်ကုန် ဩဂုတ် ၈**

ရေကြည်မြို့နယ်အသင်း(ရန်ကုန်) ၏ (၃၁)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၂၅ရက်က ရွှေတိဂုံဘုရားအရှေ့ ဘက်မုခ် ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် (၂၁/၄၃-စီ) ရှိ ရေဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပရာ အသင်းဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အေးက အဖွင့်အမှာစကား ပြောကြားသည်။

**ဂုဏ်ပြုချီးမြှင့်**

အခမ်းအနားတွင် အသင်းသား အသင်းသူများက အသက် (၇၅)နှစ်နှင့်အထက် အသင်းဝင် သက်ကြီးအဘိုးအဘွား ၃၅ဦးတို့အား လျှုဖွယ်ပစ္စည်းတို့ဖြင့် စုပေါင်းပူဇော်ကန်တော့ကြပြီး နာယက ဦးထွန်းတင်က အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝါသနာရှင်(ပထမတန်း) ဒုံမင်းတတိယဆုရှင် ဒေါ်ရည်ဘုန်းဆွေအား ဂုဏ်ပြုဆုချီးမြှင့်သည်။ **(အောက်ပုံ)** ဆက်လက်၍ အတွင်းရေးမှူးဦးလှဝင်းက အသင်းနှစ်ပတ်လည် အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကိုတင်ပြပြီး ဥက္ကဋ္ဌဦးသန်းမြင့်၊ အတွင်းရေးမှူးဦးလှဝင်းနှင့် ဘဏ္ဍာရေးမှူး ဦးကြည်ဝင်းတို့ ဦးဆောင်မည့် အဖွဲ့ဝင် ၂၆ဦး ပါဝင်သော ၂၀၁၀-၂၀၁၁ အလုပ်အမှုဆောင် အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြသည်။ **(မြန်မာ့အလင်း)**





# စိုက်ပျိုးစရိတ်ပေးအပ်ပွဲ ကန်ကြီးထောင့်၌ကျင်းပ

**ကန်ကြီးထောင့် ဩဂုတ် ၈**

ရောပုသိမ် ဆန်စပါးရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၏ ကန်ကြီးထောင့်မြို့နယ် ကုလားကွင်းကျေးရွာတောင်သူများ အကျိုးတူလုပ်ငန်း စိုက်ပျိုးစရိတ်နှင့် သွင်းအားစုများ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၃ရက် နံနက် ၁၀နာရီက ကုလားကွင်းကျေးရွာ တွဲဖက်အထက်တန်းကျောင်း၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးသန်းဆွေက အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကန်ကြီးထောင့်မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က မြို့နယ်အတွင်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီးနောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးတင်ရှိန်နှင့် ရောပုသိမ် ဆန်စပါးရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ ဒါရိုက်တာဦးဝင်းမြင့်လှိုင်တို့က တောင်သူများ၏ အကျိုးတူလုပ်ငန်းဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကာ တာဝန်ရှိသူများက ကုလားကွင်းကျေးရွာအုပ်စု တောင်သူ ၆၉ဦး၏ လယ်ဧက ၇၅၆ဧကနှင့် အုန်းပင်စုကျေးရွာအုပ်စု ဒယ်ကုန်းကျေးရွာ တောင်သူ ၁၁ဦး၏ လယ်ဧက ၁၁၀အတွက် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

# မြန်မာ့အလင်း စာတည်းထံပေးစာများ

## ဝက်ခြံမှအနံ့ဆိုးများ ပတ်ဝန်းကျင်မခံနိုင်

**စာတည်းခင်ဗျား-**

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ဖော့ကန်ဈေးအနီး သီရိလမ်းရှိ အိမ်တစ်အိမ်သည် ဝက်များ စီးပွားဖြစ်မွေးမြူထားရာ ထိုဝက်ခြံမှထွက်ရှိသော အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ၏ ကျန်းမာရေးကို ထိခိုက်ရပါသဖြင့် အဆိုပါမွေးမြူရေးလုပ်ငန်းကို လူနေရပ်ကွက်မှ သင့်လျော်ရာနေရာသို့ ပြောင်းရွှေ့ပေးနိုင်ရန် တင်ပြအပ်ပါသည်။

**အနံ့ဆိုးမခံနိုင်သူ။**

## တိုက်ခန်းနေအိမ်တွင် စီးပွားဖြစ်ငါးခြောက်ကြော် အနီးဝန်းကျင် နေထိုင်သူများနေ့စဉ်ညှော်

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ညောင်ပင်လေးပလာဇာ (အေ)ဆောင် ခုနစ်လွှာရှိ လူနေအိမ်ခန်း တစ်ခန်း၌ ငါးခြောက်များကို စီးပွားဖြစ်ကြော်လှော် ဖြန့်ဖြူးရောင်းချနေရာ ၎င်းအညှော်နံ့များကြောင့် အခြားအိမ်ခန်းများဆီသို့ နေ့စဉ် ရောက်ရှိခြင်းကြောင့် သက်ကြီးရွယ်အိုများ ကျန်းမာရေးထိခိုက်ရပါသည်။ ထို့အပြင် မီးဘေးအန္တရာယ်လည်း စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**အညှော်နံ့မခံနိုင်သူများ။**

## ဟာမစ်တစ် ကားမှတ်တိုင် ပြန်ထားပေးပါ

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ မဟာစည်သာသနာ့ရိပ်သာလမ်း (ယခင် ဟာမစ်တစ်လမ်း) ထိပ်ရှိ လိုင်းကားမှတ်တိုင်ကို လွန်ခဲ့သော ၁၀လလောက်က နှင်းဆီကုန်း ဘိုးဘွားရိပ်သာရှေ့သို့ ပြောင်းရွှေ့လိုက်ရာ ယခုပြောင်းရွှေ့လိုက်သော မှတ်တိုင်နေရာနှင့် ယခင်နေရာသည်မှတ်တိုင်တစ်တိုင်စာ လောက်ဝေးပါသည်။ ယခင်က ဟာမစ်တစ်တွင် ကားမှတ်တိုင်ရှိသဖြင့် အနီးဝန်းကျင် နေထိုင်သူများသွားလာရေး အလွန်အဆင်ပြေလှပါသည်။ သို့ဖြစ်ပါ၍ ယခုထားရှိသော နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့ မှတ်တိုင်အပြင် မှတ်တိုင်ဟောင်း ဟာမစ်တစ် မှတ်တိုင်ကိုလည်း ပြန်လည်ထားပေးပါရန် တင်ပြအပ်ပါသည်။ **ခရီးသည်တစ်ဦး။**

## ဘိလိယက်ခုံမှ ဆူညံသံ နားမခံနိုင်

**စာတည်းရှင့်-**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တပင်ရွှေထီးလမ်း (၈)ရပ်ကွက်ရှိ ဘိလိယက်ရုံတစ်ရုံသည် နေ့စဉ် အော်ဟစ်ဆူညံသံများကြောင့် ပတ်ဝန်းကျင် နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသောကြောင့် လိုအပ်သလို အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သူတစ်ဦး။**

## စည်းကမ်းမဲ့ ကြက်သားအရောင်းဆိုင် ကြပ်မတ်ပေးစေလို

**စာတည်းခင်ဗျား-**

တွံတေးမြို့ ဈေးသစ်ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ဆရာစံလမ်းထောင့်ရှိ ကြက်သားအရောင်းဆိုင်များမှ စည်းကမ်းမဲ့စွန့်ပစ်သော အမှိုက်များမှအနံ့ဆိုးများကြောင့် ယင်ကောင်များ အလွန်ပေါများပြီး ဈေးသူဈေးသားများနှင့် ဈေးဝယ်လာသူများ ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**သန့်ရှင်းစေလိုသူ။**

## ပုံကျဈေးသည်များအား ပြောင်းရွှေ့ပေးစေချင်

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်း သာကေတမြို့နယ် (၃)ရန်ပြေရပ်ကွက် ၂/ဈေးလမ်းအတွင်းရှိ ပုံကျဈေးသည်များသည် စည်းကမ်းမဲ့ရောင်းချမှုကြောင့် နေ့စဉ် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်ပြီး စွန့်ပစ်သောအမှိုက်နှင့် အညစ်အကြေးများကြောင့် လမ်းနေပြည်သူများ ကျန်းမာရေး ထိခိုက်ရပါသဖြင့် ၎င်းပုံကျဈေးသည်များကို သင့်လျော်ရာသို့ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူလမ်းသားများ။**

## အန္တရာယ်ရှိသော အဆောက်အအုံပြုပြင်ပြီး

၇-၆-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ပြင်ဦးလွင်မြို့ ဗဟိုလမ်းတွင် အန္တရာယ်ရှိသော အဆောက်အအုံ ဖျက်သိမ်းပေးစေလို** ပေးစာနှင့်ပတ်သက်၍ ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ အန္တရာယ်ရှိသော အစိတ်အပိုင်းများကို ဖြိုဖျက်၍ ပြန်လည်ပြုပြင်ပြီးစီးပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့။**

## ကြက်ခြံအနံ့ဆိုး ကျန်းမာရေးထိခိုက်မှုဆောင်ရွက်ပြီး

၅-၇-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **တောင်ငူမြို့ ရပ်ကွက်(၁၁) စပယ်ဦး(၁)လမ်းရှိ စီးပွားဖြစ်မွေးမြူသည့် ကြက်ခြံမှ အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်ပေးစာနှင့်** ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း တင်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့။**

**စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။**



ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရှေ့ကျောင်းရပ်ကွက် သဇင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ဩဂုတ် ၂ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဈေးကောင်းပေးမည်
အသုံးပြုပြီးသော HP 05A, HP 12A, HP 35A နှင့် Canon 303, Canon 312 Empty Toner Cartridge များကို ဈေးကောင်းပေးဝယ်ယူနေပါသည်။
ဆက်သွယ်ရန်
Tel; - 09 99 24683, 09 500 6328
- 09 500 1464, 09 500 8248

အားကစားဖြင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး






## ကမ္ဘာတစ်လွှားအားကစား

မြင့်မောင်စိုး - ရေးသားသည်

### အင်္ဂလန်ဘောလုံးအသင်း မျိုးဆက်သစ်များပွဲထုတ်မည်

လန်ဒန် ဩဂုတ် ၈



အင်္ဂလန်နည်းပြ ကာပယ်လိုသည် ဟန်ဂေရီအသင်းနှင့် ဩဂုတ် ၁၁ရက်တွင် ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားမည့် ချစ်ကြည်ရေးပွဲအတွက် အင်္ဂလန်လူငယ်ကစားသမားများနှင့် ကစားရန် ရွေးချယ်ထားသည်။

အာဆင်နယ်မှ အဂစ်နှင့် ဂျက်ဝီရဲရှီ၊ မန်စီးတီးမှ မီကက်ရစ်ချတ်ဒ်၊ ဆန်းဒါးလန်းမှ လီကက်တာမို၊ အာဆင်နယ်မှ ဝေါလ်ကော့၊ မန်စီးတီးမှ အဒမ်ဂျွန်ဆင်တို့ အဓိကပါဝင်ကစားမည်ဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

### ဂျာဗီယာဟာနန်ဒက် မန်ယူပွဲထွက် ကစားသမားဖြစ်လာမည်

လန်ဒန် ဩဂုတ် ၈

ဂျာဗီယာဟာနန်ဒက်သည် ယခုနှစ် ပရီမီယာလိဂ်ရာသီတွင် တိုက်စစ်မှူး ရွန်နေနှင့်အတူ ပွဲထွက်ကစားရလိမ့်မည်ဖြစ်ကြောင်း နည်းပြဖာဂူဆန်က ပြောကြားသည်။

ထို့အပြင် ဟာနန်ဒက်သည် ဘာဘာတော့ဗ်၊ မိုက်ကယ်အိုဝင်၊ မာချေဒါတို့ကဲ့သို့ ပထမပွဲထွက် ကစားသမားဖြစ်လာမည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ (အင်တာနက်)

### ကွင်းလယ်ကစားသမား မီလ်နာ မန်စီးတီးသို့ ပြောင်းရွှေ့မည်

လန်ဒန် ဩဂုတ် ၈



အက်စ်တွန်ဗီလာအသင်း၏ အမာခံကစားသမား ဂျိမ်းစ်မီလ်နာသည် မန်စီးတီးသို့ မကြာမီ ပြောင်းရွှေ့လိမ့်မည် ဖြစ်ကြောင်း နည်းပြမာတင်အိုနေးလ်က ပြောကြားလိုက်သည်။

ကွင်းလယ်ကစားသမား မီလ်နာအား မန်စီးတီးက နွေရာသီတစ်နွေရာသီလုံး ခေါ်ယူရန် ကြိုးစားခဲ့သည်။ မန်စီးတီးက ပေါင်သန်း၂၀ပေးခေါ်ယူရန် ကြိုးစားမှုကို ဗီလာက ပယ်ချခဲ့သည်။ သို့သော် ပြောင်းရွှေ့ကြေး ညှိနှိုင်းသဘောတူညီမှုရခဲ့လျှင် မကြာမီ မန်စီးတီးသို့ ပြောင်းရွှေ့ခွင့်ပြုမည်ဟု ဆိုသည်။ (အင်တာနက်)

### လာမည့် ဘောလုံးရာသီ၌ စောင့်ကြည့်ရမည့် လူငယ်ဘောလုံးသမားများ

❖ စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ ❖ ❖ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း) ❖

လန်ဒန် ဩဂုတ် ၈

၂၀၁၀-၂၀၁၁ဘောလုံးရာသီ စတင်တော့မည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ထိပ်တန်းအသင်းများတွင် ကစားနေကြသည့် လူငယ်ကြယ်ပွင့် ဆယ်ကျော်သက်ကစားသမားများအနက် စောင့်ကြည့်ရမည့်လူငယ်ကြယ်ပွင့် ၁၀ဦးရှိသည်။ ယင်းလူငယ်ဘောလုံးသမားများအနက် အချို့ကိုစုစည်းဖော်ပြရပါလျှင်-



**မာရီရိုဂိုဇီ**

ဂျာမနီ ဘွန်ဒက်စ်လီဂါအသင်း ဒေါ့မွန်၌ ကစားနေသူဖြစ်သည်။ အသက် ၁၈နှစ် အရွယ်သာရှိသေးသည်။ ဂျာမနီနိုင်ငံသား ကွင်းလယ်ကစားသမားလေးဖြစ်ပြီး ဒေါ့မွန်အသင်း၌ ၂၀၀၈-၂၀၀၉ ဘောလုံးရာသီမှ စတင်ကစားနေသူဖြစ်သည်။ ပြီးခဲ့သည့် ဘောလုံးရာသီ၌ ဒေါ့မွန်အသင်းအတွက် ငါးပွဲကစားပေးခဲ့ပြီး ကွင်းလယ်တိုက်စစ် အားသန်စွာ ကစားနိုင်သူ ဖြစ်သည်။ ဂျာမနီနိုင်ငံ၏ တောက်ပလာမည့် လူငယ်ဘောလုံးသမား ကြယ်ပွင့် တစ်ဦးဖြစ်သည်။ ယခုနှစ် ဒေါ့မွန်အသင်း၏ ပထမပွဲထွက် ကစားသမားစာရင်း၌ ထည့်သွင်းထားခြင်းခံရသူ ဖြစ်သည်။



**ဒါနီပါချီကို**

အသက် ၁၉နှစ်အရွယ်သာရှိသေးသည့် စပိန်နိုင်ငံသား လူငယ်တိုက်စစ်မှူး ဖြစ်သည်။ ပြီးခဲ့သည့် နွေရာသီ၌ အသက် ၁၉ နှစ်အောက် ဥရောပဖလားပြိုင်ပွဲ၌ ခြေစွမ်းပြနိုင်ခဲ့သူ ဖြစ်သည်။ ယခုအခါ အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးအသင်းဖြစ်သည့် လီဗာပူးကလပ်၌ ကစားနေသောတိုက်စစ်မှူးဖြစ်သည်။ တိုက်စစ်စွမ်းရည်ထက်မြက်သူဖြစ်ပြီး ထူးခြားချက်မှာ အဆုံးသတ်ဂိုးသွင်းမှု သေချာခြင်းဖြစ်သည်။ မကြာမီက ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် စပိန်နှင့် ပြင်သစ်တို့ယှဉ်ပြိုင်သည့်ပွဲ၌ စပိန်အတွက် ဂိုးသွင်းနိုင်ခဲ့သူဖြစ်သည်။ ဘယ်တောင်ပံ တိုက်စစ်အားသန်သည့် တိုက်စစ်မှူးတစ်ဦးလည်း ဖြစ်သည်။



**ကီဒရီဂွက်ဇ်**

ကိုလံဘီယာနိုင်ငံသား လူငယ်ကွင်းလယ်ဘောလုံးသမား ဖြစ်သည်။ အသက် ၁၉နှစ်အရွယ်ရှိပြီး တိုက်စစ်အားသန်သူတစ်ဦးလည်းဖြစ်သည်။ ပြီးခဲ့သည့် ဘောလုံးရာသီ၌ အာဂျင်တီးနားကလပ် အင်ဖီးလ်အသင်း၌ ရှစ်ပွဲကစားခဲ့ရာ စုစုပေါင်း ငါးဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ပြီးခဲ့သည့်နွေရာသီ ဘောလုံးသမားအပြောင်းအရွှေ့ကာလ၌ ပေါ်တူဂီမှ ပေါ်တိုအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ မန်ယူက ခေါ်ယူရန် စီစဉ်ခဲ့သော်လည်း ပြောင်းရွှေ့ကြေး အမေရိကန်ဒေါ်လာ ၂၅သန်းတောင်းသဖြင့် မခေါ်ဖြစ်ခဲ့ခြင်းဖြစ်သည်။ ပေါ်တိုအသင်း၌ ယခုနှစ်တွင် အကောင်းဆုံးခြေစွမ်းရရှိနိုင်မည့် လူငယ်ကစားသမားတစ်ဦး ဖြစ်သည်။



**ဖီးလ်ဂျုံနက်စ်**

အသက် ၁၉နှစ်အရွယ်ရှိ အင်္ဂလန်နိုင်ငံသား နောက်ခံလူငယ်ဘောလုံးသမားဖြစ်သည်။ ပရီမီယာလိဂ် ဘလက်ဘန်းအသင်း၏ နောက်တန်းခံစစ်မှူးဖြစ်သည်။ အသက် ၂၁နှစ်အောက် အင်္ဂလန်ဘောလုံးသမားလူငယ်များအနက် ခံစစ်လုံသည့် ဘောလုံးသမားတစ်ဦးလည်းဖြစ်သည်။ ချယ်လ်ဆီး နောက်တန်းခံစစ်မှူး တယ်ရီနှင့် ကစားပုံချင်းတူညီသည်။ ကွင်းလယ်နှင့် တိုက်စစ်တို့တွင် လိုက်ပါ ဖြည့်ဆည်းနိုင်သူခံစစ်မှူးလည်း ဖြစ်သည်။ ယခုနှစ်ဘောလုံးရာသီ၌ ဘလက်ဘန်းအသင်း၏ ပွဲထွက်ကစားသမားတစ်ဦး ဖြစ်သည်။ ။

ကိုးကား - အင်တာနက်

### မီခေးလ်အာတီတာ အဲဗာတန်နှင့် လေးနှစ်စာချုပ်

**လန်ဒန် ဩဂုတ် ၈**



အဲဗာတန်အသင်းနှင့် ကွင်းလယ်ကစားသမား မီခေးလ်အာတီတာသည် လေးနှစ် စာချုပ်သစ် ချုပ်ဆိုလိုက်သည်။

စပိန်ကစားသမား အာတီတာသည် အာဆင်နယ်သို့ ပြောင်းရွှေ့လိမ့်မည်ဟု ထင်ကြေးပေးနေမှုမှာ ယင်းစာချုပ် အပြီးအဆုံးသတ်သွားသည်။

၎င်းသည် အဲဗာတန်၌ တင်ကာဟေးလ်၊ လိချ်တန်ဘိန်းစ်၊ဂျက်ရို့ဝဲနှင့် ကိုးလ်မန်းတို့ကဲ့သို့ အဲဗာတန်၏ အဓိကကစားသမား ဖြစ်လာသည်။ **(အင်တာနက်)**

## နိုင်ငံတကာ ရုပ်ရှင်နှင့် အနုပညာ

### ဟောလီဝုဒ်၌ ဝင်ငွေအကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်များ

စုစည်းရေးသားသူ - မိုးမြင့်လင်းလက်

*လော့စ်အိန်ဂျလိစ် ဩဂုတ် ၈*

*အာရှနှင့် ဥရောပတို့၏ ယဉ်ကျေးမှုနှင့် အနုပညာတို့က ကွဲပြားသည်။ ထို့အတူ အနုပညာကို ဖော်ထုတ်ပြသမှုအပိုင်းတွင်လည်း မတူညီချေ။ သို့သော် သရုပ်ဆောင်မှုအပိုင်း၌ ပီပြင်ကြသည်။ အာရှသားတို့အနေဖြင့် အနောက်တိုင်းသားတို့၏ သရုပ်ဆောင်မှုကိုသာ နမူနာယူပြီး ၎င်းတို့၏ ဝတ်စားဆင်ယင်မှု၊ နေထိုင်မှုပုံစံကို နမူနာမယူသင့်ချေ။ ကိုယ့်ယဉ်ကျေးမှုနှင့် ကိုယ်သာဖြစ်သည်။ ယခု လူအများနှုတ်ဖျားတွင် သရုပ်ဆောင်မှုအပိုင်း၌ ရေပန်းစားနေသည့် ဟောလီဝုဒ်ရုပ်ရှင်လောကမှ မင်းသမီးများအနက် ၂၀၀၉ခုနှစ် ဇွန်လမှ ၂၀၁၀ဇွန်လအတွင်း ဝင်ငွေအကောင်းဆုံး ရုပ်ရှင်သရုပ်ဆောင် ၁၀ဦးကို ဖောဘတ်မဂ္ဂဇင်းက ရွေးချယ်ဖော်ပြခဲ့သည်။၎င်းတို့အနက် အချို့ကို ဖော်ပြရပါလျှင်-*



**ဆာရက်ဂျက်စီကာပါကာ**

ဟောလီဝုဒ်၌ အကျော်ကြားဆုံးတွင် ပါဝင်သည့် အမျိုးသမီးသရုပ်ဆောင်တစ်ဦး ဖြစ်သည်။ ထို့အတူ ၂၀၀၉ခုနှစ် ဇွန်လမှ ၂၀၁၀ခုနှစ် ဇွန်လအထိ အချိန်ကာလအတွင်း ဟောလီဝုဒ်၌ ပဥ္စမမြောက်ဝင်ငွေအကောင်းဆုံးဖြစ်ပြီး အမေရိကန်ဒေါ်လာ ၂၅ သန်း ရရှိခဲ့သည်။

၁၉၆၅ ခုနှစ် မတ် ၂၅ရက်တွင် အမေရိကန်နိုင်ငံ နီလ်ဆင်ဗီလီမြို့၌ မွေးဖွားခဲ့သည်။ အသက်ရှစ်နှစ်အရွယ်မှ စတင်ကာ ရုပ်မြင်သံကြားဇာတ်လမ်းများ၌ ကလေးသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။



**ဂျူလီယာရောဘတ်စ်**

ဟောလီဝုဒ်၌ ဆွဲဆောင်မှုအရှိဆုံး အမျိုးသမီးသရုပ်ဆောင်တစ်ဦးဖြစ်သည်။ ထို့အတူ ၂၀၀၉ ခုနှစ် ဇွန်လမှ ၂၀၁၀ ခုနှစ် ဇွန်လအထိ ဟောလီဝုဒ်၌ ဆဋ္ဌမမြောက်ဝင်ငွေအကောင်းဆုံး သရုပ်ဆောင် အမျိုးသမီးလည်းဖြစ်သည်။ ယင်းကာလအတွင်း ဝင်ငွေမှာ အမေရိကန်ဒေါ်လာ၂၂သန်း ဖြစ်သည်။ ဟောလီဝုဒ်၌ ၂၀၀၉ ခုနှစ်က Eat Pray Love ရုပ်ရှင်ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မှုနှင့် ၂၀၁၀ ခုနှစ်တွင် Larry Crowne ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့မှုများက ဝင်ငွေအများဆုံး ရရှိစေခဲ့သည်။ အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် အမာနာမြို့၌ ၁၉၆၇ ခုနှစ် အောက်တိုဘာ ၂၈ရက်တွင် မွေးဖွားခဲ့သူ ဖြစ်သည်။



**အင်ဂျလီနာဂျိုလီ**

ဟောလီဝုဒ်၌ သတ္တမမြောက် ဝင်ငွေအကောင်းဆုံး အမျိုးသမီးသရုပ်ဆောင် ဖြစ်သည်။ ဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း ၂၀ဖြစ်သည်။ ၁၉၇၅ခုနှစ် ဇွန် ၄ရက်၌ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့၌ မွေးဖွားခဲ့သူဖြစ်သည်။ မိဘများမှာ ရုပ်ရှင်သရုပ်ဆောင်များဖြစ်ကြသည့် ဖခင်ဂျွန်ဗွိုက်နှင့် မိခင် မာရှီလိုင်းဘာထရင့်တို့ဖြစ်သည်။ ဟောလီဝုဒ်၌ ပရိသတ်အနှစ်ခြိုက်ဆုံး အမျိုးသမီးသရုပ်ဆောင်တစ်ဦးဖြစ်သည်။

(အင်တာနက်)

## စစ်တက္ကသိုလ်ဆိုင်ရာကျောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဆိုင်ရာကျောင်းနှင့်တပ်မတော်နည်းပညာတက္ကသိုလ်ဆိုင်ရာကျောင်းများ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဆိုင်ရာကျောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဆိုင်ရာကျောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ်ဆိုင်ရာကျောင်းလျှောက်လွှာတင်သွင်းထားသူများသည် ဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ်ဆိုင်ရာကျောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၁၀ပြည့်နှစ် ဩဂုတ်လ(၂၀)ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

| | | | | | |
|---|---|---|---|---|---|
| (၁) | **အင်္ဂလိပ်စာ** | **၀၉၀၀** | **နာရီမှ** | **၁၁၀၀** | **နာရီအထိ၊** |
| (၂) | **ဇီဝဗေဒ** | **၁၃၀၀** | **နာရီမှ** | **၁၅၀၀** | **နာရီအထိ၊** |

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ်ဆိုင်ရာကျောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၁၀ပြည့်နှစ် ဩဂုတ်လ(၂၀)ရက်နေ့**တွင်အောက်ပါအတိုင်းဖြေဆိုရမည်-

| | | | | | |
|---|---|---|---|---|---|
| (၁) | **အင်္ဂလိပ်စာ** | **၀၉၀၀** | **နာရီမှ** | **၁၁၀၀** | **နာရီအထိ၊** |
| (၂) | **သင်္ချာ** | **၁၃၀၀** | **နာရီမှ** | **၁၅၀၀** | **နာရီအထိ၊** |

(ဂ) **စစ်တက္ကသိုလ်ဆိုင်ရာကျောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၁၀ပြည့်နှစ် ဩဂုတ်လ(၂၂)ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

| | | | | | |
|---|---|---|---|---|---|
| (၁) | **အင်္ဂလိပ်စာ** | **၀၉၀၀** | **နာရီမှ** | **၁၁၀၀** | **နာရီအထိ၊** |
| (၂) | **သင်္ချာ** | **၁၃၀၀** | **နာရီမှ** | **၁၅၀၀** | **နာရီအထိ၊** |

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုရမည်-

(က) **နေပြည်တော်** — အမှတ်(၇)တည်းခိုဆောင်စခန်း၊ ရွာတော်၊
(ခ) **မြစ်ကြီးနားမြို့** — တပ်နယ်ခန်းမ၊
(ဂ) **လားရှိုးမြို့** — တိုင်းစစ်ဌာနချုပ်ခန်းမ၊
(ဃ) **ကျိုင်းတုံမြို့** — တိုင်းစစ်ဌာနချုပ်ခန်းမ၊
(င) **တောင်ကြီးမြို့** — ယံလွင်ခန်းမ၊
(စ) **မော်လမြိုင်မြို့** — ရွှေနတ်တောင်၊ တပ်မတော်အထက၊
(ဆ) **မြိတ်မြို့** — တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်အားကစားခန်းမ၊
(ဇ) **အမ်းမြို့** — တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ၊
(ဈ) **မုံရွာမြို့** — အထက(၂)အလုံ၊ တပ်မတော်ကျောင်း၊
(ည) **ရန်ကုန်မြို့**

(၁) **စစ်တက္ကသိုလ်**ဆိုင်ရာကျောင်းများအတွက်

| | | | | | | |
|---|---|---|---|---|---|---|
| (ကက) | ခုံအမှတ်(၁) | မှ | (၁၃၀၀) | အထိ | - | အထက(၂) မင်္ဂလာဒုံ၊ |
| (ခခ) | ခုံအမှတ်(၁၃၀၁) | မှ | (၂၆၀၀) | အထိ | - | ပညာရေးကောလိပ်လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ရန်ကင်း၊ |
| (ဂဂ) | ခုံအမှတ်(၂၆၀၁) | မှ | နောက်ဆုံး | | - | အလက(၄) မင်္ဂလာဒုံ၊ |

(၂) **တပ်မတော်ဆေးတက္ကသိုလ်**ဆိုင်ရာကျောင်းများအတွက် - အထက(၂) မင်္ဂလာဒုံ၊

(၃) **တပ်မတော်နည်းပညာတက္ကသိုလ်**ဆိုင်ရာကျောင်းများအတွက်

| | | | | | | |
|---|---|---|---|---|---|---|
| (ကက) | ခုံအမှတ်(၁) | မှ | (၁၃၀၀) | အထိ | - | အထက(၂) မင်္ဂလာဒုံ၊ |
| (ခခ) | ခုံအမှတ်(၁၃၀၁) | မှ | (၂၆၀၀) | အထိ | - | ပညာရေးကောလိပ်လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ရန်ကင်း၊ |
| (ဂဂ) | ခုံအမှတ်(၂၆၀၁) | မှ | နောက်ဆုံး | | - | အလက(၄) မင်္ဂလာဒုံ၊ |

(ဋ) **ပုသိမ်မြို့**

(၁) **စစ်တက္ကသိုလ်**ဆိုင်ရာကျောင်းများအတွက်

| | | | | | | |
|---|---|---|---|---|---|---|
| (ကက) | ခုံအမှတ်(၁) | မှ | (၂၀၀) | အထိ | - | တိုင်းစစ်ဌာနချုပ်၊ ရေဝတီခန်းမ၊ |
| (ခခ) | ခုံအမှတ်(၂၀၁) | မှ | နောက်ဆုံး | | - | တပ်နယ်အားကစားရုံ၊ |

(၂) **တပ်မတော်ဆေးတက္ကသိုလ်**ဆိုင်ရာကျောင်းများအတွက် - တိုင်းစစ်ဌာနချုပ်၊ ရေဝတီခန်းမ၊

(၃) **တပ်မတော်နည်းပညာတက္ကသိုလ်**ဆိုင်ရာကျောင်းများအတွက်

| | | | | | | |
|---|---|---|---|---|---|---|
| (ကက) | ခုံအမှတ်(၁) | မှ | (၂၀၀) | အထိ | - | တိုင်းစစ်ဌာနချုပ်၊ ရေဝတီခန်းမ၊ |
| (ခခ) | ခုံအမှတ်(၂၀၁) | မှ | နောက်ဆုံး | | - | တပ်နယ်အားကစားရုံ၊ |

(ဌ) **မန္တလေးမြို့**

(၁) **စစ်တက္ကသိုလ်**ဆိုင်ရာကျောင်းများအတွက်

| | | | | | | |
|---|---|---|---|---|---|---|
| (ကက) | ခုံအမှတ်(၁) | မှ | (၁၄၀၀) | အထိ | - | အထက(၁၈) နန်းတွင်း၊ |
| (ခခ) | ခုံအမှတ်(၁၄၀၁) | မှ | (၁၉၃၀) | အထိ | - | အမက(၆) နန်းတွင်း၊ |
| (ဂဂ) | ခုံအမှတ်(၁၉၃၁) | မှ | နောက်ဆုံး | | - | အမက(၅) နန်းတွင်း၊ |

(၂) **တပ်မတော်ဆေးတက္ကသိုလ်**ဆိုင်ရာကျောင်းများအတွက် - အထက(၁၈) နန်းတွင်း၊

(၃) **တပ်မတော်နည်းပညာတက္ကသိုလ်**ဆိုင်ရာကျောင်းများအတွက်

| | | | | | | |
|---|---|---|---|---|---|---|
| (ကက) | ခုံအမှတ်(၁) | မှ | (၁၄၀၀) | အထိ | - | အထက(၁၈) နန်းတွင်း၊ |
| (ခခ) | ခုံအမှတ်(၁၄၀၁) | မှ | (၁၉၃၀) | အထိ | - | အမက(၆) နန်းတွင်း၊ |
| (ဂဂ) | ခုံအမှတ်(၁၉၃၁) | မှ | နောက်ဆုံး | | - | အမက(၅) နန်းတွင်း၊ |

(ဍ) **တောင်ငူမြို့**

(၁) **စစ်တက္ကသိုလ်**ဆိုင်ရာကျောင်းများအတွက်

| | | | | | | |
|---|---|---|---|---|---|---|
| (ကက) | ခုံအမှတ်(၁) | မှ | (၃၀၀) | အထိ | - | တိုင်းစစ်ဌာနချုပ်၊ အေးချမ်းပြိုးခန်းမ၊ |
| (ခခ) | ခုံအမှတ်(၃၀၁) | မှ | နောက်ဆုံး | | - | တစသ(၁၁)၊ |

(၂) **တပ်မတော်ဆေးတက္ကသိုလ်**ဆိုင်ရာကျောင်းများအတွက် - တိုင်းစစ်ဌာနချုပ်၊ အေးချမ်းပြိုးခန်းမ၊

(၃) **တပ်မတော်နည်းပညာတက္ကသိုလ်**ဆိုင်ရာကျောင်းများအတွက်

| | | | | | | |
|---|---|---|---|---|---|---|
| (ကက) | ခုံအမှတ်(၁) | မှ | (၃၀၀) | အထိ | - | တိုင်းစစ်ဌာနချုပ်၊ အေးချမ်းပြိုးခန်းမ၊ |
| (ခခ) | ခုံအမှတ်(၃၀၁) | မှ | နောက်ဆုံး | | - | တစသ(၁၁)၊ |

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်စာစစ်ဌာနများတွင်ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန်အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့်ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာတိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ပြားကို တစ်ပါတည်းယူဆောင်လာရမည်။ နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများတွင် စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

## မိုးပျံပူဖောင်းစီးပြီး လူအများဆုံးခုန်ချ

ကိုသစ္စာ ➤ ရေးသားသည်

နယ်သာလန် ဩဂုတ် ၈

*နယ်သာလန်နိုင်ငံ မာကီလိုမြို့ ဝေဟင်၌ မိုးပျံပူဖောင်းစီးကာ လူဦးရေအများဆုံး လေထီးခုန်ချမှု စွမ်းရည်ပြသခြင်း တစ်ရပ်ကို ဩဂုတ် ၇ရက်က ပြုလုပ်ခဲ့ကြသည်။ စုစည်းမှု၊ စိတ်ခါတ်ခိုင်မာမှုနှင့် ရဲဝံ့မှုတို့ကို ထုတ်ဖော်ပြသခြင်းအဖြစ် လက်တွေ့ပြသခဲ့ကြခြင်း ဖြစ်သည်။*

*စုစည်း*

*နယ်သာလန်နိုင်ငံ မာကီလိုမြို့ရှိ အပျော်တမ်း လေထီးခုန်အဖွဲ့ ဖြစ်သည့် အက်ဖ်လီဗိုအဖွဲ့သားများ စုစုပေါင်း ၂၀ကို စုစည်းပြီး မိုးပျံပူဖောင်းကြီး တစ်လုံးပေါ် လိုက်ပါစီးနင်းကာ မြေပြင်သို့ ခုန်ချခဲ့ခြင်းဖြစ်သည်။ (အောက်ပုံ)*

*ခုန်ချ*

*မိုးပျံပူဖောင်းကြီးကို အက်ဖ်လီဗိုအဖွဲ့ဝင် ၂၀တို့က အတူတကွ လိုက်ပါစီးနင်းခဲ့ကြခြင်းဖြစ်သည်။ ၎င်းမိုးပျံပူဖောင်းကြီးသည် မာကီလိုမြို့ပေါ်ရှိ ဝေဟင်တွင် ပျံသန်းချိန်၌ လိုက်ပါစီးနင်းလာသူ ၂၀တို့က လေထီးဝတ်စုံဖြင့် ခုန်ချခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့ ခုန်ချချိန်၌ မိုးပျံပူဖောင်းကြီးသည် မြေပြင်မှ ဝေဟင်သို့ အမြင့်ပေ ၆၅၀၀ ကျော်၌ ပျံသန်းနေချိန် ဖြစ်သည်။* (အင်တာနက်)





နေပြည်တော် ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာအနီးရှိ တောင်သူဦးရွှေ ပိုင်ဆိုင်သည့် လယ်မြေတွင် စက်မှုလယ်ယာ ဦးစီးဌာနက THUNDER BIRD TB 200 အမျိုးအစား စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် နှံစပါးများ ရိတ်သိမ်းခြွေလှေ့နေမှုကို ဤသို့ တွေ့ရသည်။

## စက်မှုလယ်ယာစနစ် တစ်ခေတ်ဆန်းသစ် တိုးတက်လာပြီ

➤ သတင်းခရီးသည် - မြင့်မောင်စိုး ➤ ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း (မရမ်းကုန်း) ➤ စာမျက်နှာဖွဲ့စည်းမှု - ယဉ်ယဉ်အေး (မြန်မာ့အလင်း)

နေပြည်တော် ဩဂုတ် ၈

မြန်မာနိုင်ငံတွင် စိုက်ပျိုးနိုင်သော မြေလွတ်မြေရိုင်း ဧကများစွာရှိသည်။ တောင်သူတို့အနေဖြင့် ထိုမြေရိုင်းများကို တစ်စတစ်စ ဖော်ထုတ်လုပ်ကိုင်နေကြပြီဖြစ်သည်။ တစ်ချိန်တည်းမှာပင် တိုးတက်ပြောင်းလဲလာသော ခေတ်နှင့်အညီ လယ်ယာသုံးစက်ကိရိယာများကို အသုံးပြုစိုက်ပျိုးလုပ်ကိုင်မှုများလည်း ပိုမိုများပြားလာကြသည်ကို တွေ့ရသည်။

*စာမျက်နှာ ၅ ကော်လံ ၃* ✳